မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၉ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

**သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းခြင်း**

၁။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်အစိုးရများက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် (၂) မျိုးကို ထေရဝါဒဗုဒ္ဓဘာသာ သံဃာ့မထေရ်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုဘွဲ့တံဆိပ်တော် (၂) မျိုးမှာ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ ဖြစ်ကြပါသည်။

၂။ အဆိုပါဘွဲ့တံဆိပ်တော် (၂) မျိုး ဆက်ကပ်နိုင်ရေးအတွက် ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်တော်စိစစ်သတ်မှတ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့နှင့် လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသော ကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပါသည်။ ၎င်းအဖွဲ့က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့အတွက် ဂုဏ်အင်္ဂါအရည်အချင်း (၄) ချက်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့အတွက် ဂုဏ်အင်္ဂါအရည်အချင်း (၅) ချက်တို့ကို သတ်မှတ်ပေးခဲ့ပါသည်။

၃။ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁) ကို ထုတ်ပြန်၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် (၂၀) မျိုးကို တိုးချဲ့ပြဋ္ဌာန်းဆက်ကပ်ခဲ့ရာ ပရိယတ္တိစာပေပို့ချမှုဘွဲ့တံဆိပ်၊ တရားဟောဓမ္မကထိကဆိုင်ရာဘွဲ့တံဆိပ်၊ သာသနာပြုဆိုင်ရာဘွဲ့တံဆိပ်၊ ကမ္မဋ္ဌာန်းနည်းပြဘွဲ့တံဆိပ်နှင့် လူပုဂ္ဂိုလ်များဆိုင်ရာသာသနာနုဂ္ဂဟဘွဲ့တံဆိပ် အသီးသီးတို့၏ ဂုဏ်အင်္ဂါအရည်အချင်းများကိုလည်း ထည့်သွင်းသတ်မှတ်ပေးခဲ့ပါသည်။ သို့ရာတွင် အဆိုပါ အမိန့်ကြော်ငြာစာ၌ ယခင်အစဉ်အလာအရ ဆက်ကပ်ခဲ့သော အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တို့၏ ဂုဏ်အင်္ဂါများကိုပါ ထည့်သွင်းသတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။ တိပိဋကဓရ တိပိဋကကောဝိဒအောင် သာသနာ့အာဇာနည်အရှင်သူမြတ်များအား (၅) နှစ်ပြည့်ပါက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၁၇/၂၀၁၀) တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ဥပဒေကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

၄။ အထက်ပါဘွဲ့တံဆိပ်တော် (၂၃) မျိုးကို နှစ်စဉ်လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာ၍ ဆက်ကပ်ခဲ့ရာ ယနေ့အချိန်အခါအထိ ဖြစ်ပါသည်။ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၏ မူလက သတ်မှတ်ခဲ့သော ဂုဏ်အင်္ဂါအရည်အချင်းများသည် ဘွဲ့တံဆိပ်တော်အလိုက် ကောင်းမြတ်ပြည့်စုံပါသော်လည်း အချို့သော ဂုဏ်အင်္ဂါအရည်အချင်းသတ်မှတ်ချက်များမှာ ခေတ်ကာလနှင့်အညီ ပြုပြင်သတ်မှတ်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။ ထို့အပြင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တို့ကိုလည်း ဂုဏ်အင်္ဂါများနှင့်တကွ တစ်စုတစ်ပေါင်းတည်း ထည့်သွင်းသတ်မှတ်ရန် လိုအပ်ပါသည်။

၅။ ယင်းသို့သော အခြေအနေများကြောင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် (၂၃) မျိုးကို ဆက်ကပ်နိုင်ရန် ရွေးချယ်စိစစ်ရာ၌ ဂုဏ်အင်္ဂါများကို ခေတ်ကာလနှင့်လျော်ညီစွာ တစ်ပြေးညီဖြစ်စေရန် ရည်ရွယ်လျက် သက်ဆိုင်ရာ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်အလိုက် ဂုဏ်အင်္ဂါအရည်အချင်းများကို အသစ်ပြင်ဆင်ကာ အောက်ဖော်ပြပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းလိုက်သည် -

(က) **ပရိယတ္တိဆိုင်ရာဘွဲ့တံဆိပ်တော် (၂) မျိုး**

(၁) အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

(၂) အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

(ခ) **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော် (၁) မျိုး**

(၁) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်

(ဂ) **စာချ ဘွဲ့တံဆိပ်တော် (၃) မျိုး**

(၁) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

(၂) မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

(၃) ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

(ဃ) **ဓမ္မကထိကဘွဲ့တံဆိပ်တော် (၂) မျိုး**

(၁) မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

(၂) ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

(င) **သာသနာပြုဘွဲ့တံဆိပ်တော် (၄) မျိုး**

(၁) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

(၂) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

(၃) မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

(၄) သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

(စ) **ကမ္မဋ္ဌာန်းနည်းပြဘွဲ့တံဆိပ်တော် (၃) မျိုး**

(၁) အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

(၂) မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

(၃) ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

(ဆ) **သာသနာနုဂ္ဂဟဘွဲ့တံဆိပ် (၈) မျိုး**

(၁) အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် (အမျိုးသား)

(၂) အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် (အမျိုးသမီး)

(၃) သိရီသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် (အမျိုးသား)

(၄) သိရီသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် (အမျိုးသမီး)

(၅) သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် (အမျိုးသား)

(၆) သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် (အမျိုးသမီး)

(၇) သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် (အမျိုးသား)

(၈) သုဓမ္မသိင်္ဂီဘွဲ့တံဆိပ် (အမျိုးသမီး)

၆။ အထက်ပါ ပြင်ဆင်ပြဋ္ဌာန်းခဲ့သော ဘွဲ့တံဆိပ် (၂၃) မျိုး၏ ဂုဏ်အင်္ဂါအရည်အချင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရပြီးဖြစ်ခြင်း။

(၂) အနည်းဆုံး သိက္ခာဝါ (၆၀) ရှိခြင်း။

(၃) ဗဟုသုတအကြားအမြင်များခြင်း။

(၄) သာသနာတော်အတွက် ကျေးဇူးများသော ဗုဒ္ဓစာပေကျမ်းဂန် ရေးသားခြင်း။

(၅) ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဖြစ်ခြင်း။

(၆) တပည့်သံဃာများပြား၍ သံဃာ့အဖွဲ့အစည်းအတွင်း သြဇာတိက္ကမကြီးမားခြင်း။

(၇) သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ကြီးမားခြင်းကြောင့် အများပြည်သူတို့၏ ကြည်ညိုလေးစားမှု ခံရခြင်း။

**မှတ်ချက်**။ ပြည်ပဘွဲ့ခံဆရာတော်များအတွက် အမှတ်စဉ် (၁) ဂုဏ်အင်္ဂါကို လျှော့ပေါ့စဉ်းစားနိုင်သည်။

(ခ) **အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရပြီးဖြစ်ခြင်း။

(၂) အနည်းဆုံး သိက္ခာဝါ (၄၀) ရှိခြင်း။

(၃) သီလဝန္တဖြစ်ခြင်း။

(၄) ဓမ္မာစရိယစာချတန်း အောင်မြင်ပြီးဖြစ်ခြင်း။

(၅) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ ကျွမ်းကျင်၍ ကျမ်းဂန်ရေးသားပြုစုခြင်း။

(၆) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို အမြဲမပြတ်ပို့ချခြင်း။

(၇) ပရိယတ္တိစာသင်တိုက် ဦးဆောင်နာယကဖြစ်ခြင်း။

(၈) တပည့်သံဃာများပြား၍ သံဃာ့အဖွဲ့အစည်းအတွင်း သြဇာတိက္ကမကြီးမားခြင်း။

(၉) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

**မှတ်ချက်**။ ပြည်ပဘွဲ့ခံဆရာတော်များအတွက် အမှတ်စဉ် (၁) နှင့် အမှတ်စဉ် (၄) ဂုဏ်အင်္ဂါများကို လျှော့ပေါ့စဉ်းစားနိုင်သည်။

(ဂ) **တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်စွမ်းနိုင်၍ တိပိဋကဓရဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရပြီးဖြစ်ခြင်း။

(၂) ပိဋကတ်သုံးပုံ၏ ခဲရာခဲဆစ်မေးခွန်းတို့ကို ဖြေစွမ်းနိုင်၍ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရပြီးဖြစ်ခြင်း။

(၃) တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရပြီးနောက် (၅) နှစ်သက်တမ်း ပြည့်မြောက်ခြင်း။

(၄) သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံခြင်း။

**မှတ်ချက်**။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၃၇/၂၀၁၀ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ဥပဒေအရ တိပိဋကဓရ တိပိဋကကောဝိဒ အောင်မြင်ပြီး (၅) နှစ်ပြည့်ပါက ဆက်ကပ်သောဘွဲ့တံဆိပ်တော် ဖြစ်ပါသည်။

(ဃ) **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အနည်းဆုံး သိက္ခာဝါ (၃၀) ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) ဓမ္မာစရိယစာချတန်း အောင်မြင်ပြီးဖြစ်ခြင်း။

(၄) စာချသက်တမ်း အနည်းဆုံး (၁၅) နှစ်ရှိခြင်း။

(၅) တစ်နေ့တာပို့ချသော စာဝါများ၌ ဓမ္မာစရိယစာမေးပွဲဆိုင်ရာကျမ်းစာများ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို အနည်းဆုံး စာဝါ ၁ ဝါ ပို့ချဆဲဖြစ်ခြင်း။

(၆) တစ်နေ့တာပို့ချသော ဓမ္မာစရိယစာဝါများ၌ စုစုပေါင်းစာလိုက်သံဃာ မြို့ကြီးများတွင် အပါး ၃၀ ရှိ၍ မြို့ငယ်များနှင့် ကျေးရွာကြီးများတွင် စာလိုက်သံဃာ ၁၅ ပါး ရှိခြင်း။

(၇) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၈) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

(င) **မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အနည်းဆုံး သိက္ခာဝါ (၂၀) ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) ဓမ္မာစရိယစာချတန်း အောင်မြင်ပြီးဖြစ်ခြင်း။

(၄) စာချသက်တမ်း အနည်းဆုံး (၁၀) နှစ်ရှိခြင်း။

(၅) ပထမကြီးတန်းအဆင့် ကျမ်းစာများကို ကျွမ်းကျင်စွာပို့ချဆဲဖြစ်ခြင်း။

(၆) မြို့ကြီးများတွင် တစ်နေ့တာပို့ချသောစာဝါများ၌ စုစုပေါင်းစာလိုက်သံဃာ အပါး ၄၀ ရှိ၍ မြို့ငယ်များနှင့် ကျေးရွာကြီးများတွင် အနည်းဆုံး ၂၅ ပါး ရှိခြင်း။

(၇) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၈) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

(စ) **ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အနည်းဆုံး သိက္ခာဝါ (၁၀) ဝါ ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) ပထမကြီးတန်း အောင်မြင်ပြီးဖြစ်ခြင်း။

(၄) စာချသက်တမ်း အနည်းဆုံး (၅) နှစ် ရှိခြင်း။

(၅) ပထမလတ်တန်းနှင့် ပထမငယ်တန်းဆိုင်ရာကျမ်းစာများကို ကျွမ်းကျင်စွာပို့ချဆဲဖြစ်ခြင်း။

(၆) မြို့ကြီးများတွင် တစ်နေ့တာပို့ချသောစာဝါများ၌ စုစုပေါင်းစာလိုက်သံဃာ အပါး ၂၀ ရှိ၍ မြို့ငယ်များတွင် အနည်းဆုံး ၁၅ ပါးရှိခြင်း၊ ကျေးရွာများတွင် အနည်းဆုံး ၁၀ ပါး ရှိခြင်း။

(၇) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၈) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

(ဆ) **မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့ ဆက်ကပ်ခံရပြီးဖြစ်ခြင်း။

(၂) အနည်းဆုံး သိက္ခာဝါ (၃၀) ရှိခြင်း။

(၃) သီလဝန္တဖြစ်ခြင်း။

(၄) ဓမ္မာစရိယစာချတန်း အောင်မြင်ပြီးဖြစ်ခြင်း။

(၅) အနည်းဆုံး နှစ် (၂၀) နယ်လှည့်တရားဟောကြားခဲ့ခြင်း။

(၆) နိုင်ငံတစ်ဝန်း တရားဟောကြားမှု ထင်ရှားကျော်ကြားခြင်း။

(၇) ထေရဝါဒပိဋကကျမ်းစာများနှင့် လျော်ညီစွာ နယ်လှည့်ဟောကြားနေခြင်း။

(၈) ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်၊ ရာဇဂုဏ် ကင်းလွတ်စွာဟောပြောခြင်း။

(၉) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၁၀) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

(ဇ) **ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အနည်းဆုံး သိက္ခာဝါ (၂၀) ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) ဓမ္မာစရိယစာချတန်း အောင်မြင်ပြီးဖြစ်ခြင်း။

(၄) အနည်းဆုံး (၁၀) နှစ် နယ်လှည့်တရားဟောကြားခဲ့ခြင်း။

(၅) သက်ဆိုင်ရာဒေသအတွင်း တရားဟောကြားမှု ထင်ရှားကျော်ကြားခြင်း။

(၆) ထေရဝါဒပိဋကကျမ်းစာများနှင့် လျော်ညီစွာ နယ်လှည့်ဟောကြားနေခြင်း။

(၇) ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်၊ ရာဇဂုဏ် ကင်းလွတ်စွာဟောပြောခြင်း။

(၈) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၉) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

(ဈ) **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရပြီးဖြစ်ခြင်း။

(၂) အနည်းဆုံး သက်တော် နှစ် (၈၀) ရှိခြင်း။

(၃) သာသနာ့ဝန်ထမ်းဖြစ်ခြင်း။

(၄) သာသနာပြုလုပ်ငန်းများကို အနည်းဆုံး နှစ် (၃၀) ဆောင်ရွက်ခဲ့ခြင်း (သို့မဟုတ်) ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ထူးခြားစွာဆောင်ရွက်တော်မူခြင်း။

(၅) သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားခြင်းကြောင့် အများပြည်သူတို့၏ ကြည်ညို လေးစားမှု ခံရခြင်း။

(၆) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

**မှတ်ချက်။** ပြည်ပဘွဲ့ခံဆရာတော်များအတွက် အမှတ်စဉ် (၁) ဂုဏ်အင်္ဂါကို လျော့ပေါ့ စဉ်းစားနိုင်သည်။

(ည) **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အနည်းဆုံး သက်တော် နှစ် (၅၀) ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) သာသနာပြုလုပ်ငန်းများကို အနည်းဆုံး နှစ် (၂၀) ဆောင်ရွက်ခဲ့ခြင်း။

(၄) သာသနာ့ဝန်ထမ်းဖြစ်ခြင်း။

(၅) စာပေသင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ တရားဟောကြားခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ဗုဒ္ဓသာသနာနုဂ္ဂဟဝင် အနည်းဆုံးဦးရေ ၁၀၀ ရရှိအောင် စီမံဆောင်ရွက်ခဲ့ခြင်း။

(သို့မဟုတ်)

ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများ၌ နှစ် (၂၀) သာသနာပြုခဲ့ခြင်း။

(သို့မဟုတ်)

သာသနာတော်အား ကျေးဇူးများသော ဗုဒ္ဓဘာသာဆိုင်ရာစာပေကျမ်းဂန် အနည်းဆုံး ၁၀ အုပ်ကို ရေးသားရိုက်နှိပ်ထုတ်ဝေခဲ့ခြင်း။

(သို့မဟုတ်)

အခြေခံဗုဒ္ဓဘာသာသင်တန်း (သို့မဟုတ်) ဘုန်းတော်ကြီးသင်ပညာရေး အနည်းဆုံး (၁၅) နှစ် သင်ကြားပေးခဲ့ခြင်း။

(သို့မဟုတ်)

ဘုရားစေတီတည်ထားကိုးကွယ်ခြင်း၊ သာသနိကအဆောက်အဦများ တည်ဆောက်ပြုပြင် မွမ်းမံခြင်းနှင့် ပရဟိတလုပ်ငန်းများ ထူးခြားစွာဆောင်ရွက်ခဲ့ခြင်း။

(၆) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၇) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

**မှတ်ချက်။** ပြည်ပဘွဲ့ခံများအတွက် ထေရဝါဒဖြစ်စေ၊ မဟာယာနဖြစ်စေ၊ ဗုဒ္ဓဘာသာ ဂိုဏ်းတစ်ခု၏ အကြီးအကဲဖြစ်သူ (သို့မဟုတ်) ဗုဒ္ဓဘာသာအသင်း အဖွဲ့ကြီးတစ်ခု၏ ဥက္ကဋ္ဌဖြစ်သူ (သို့မဟုတ်) ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်ပါက ဂုဏ်အင်္ဂါအရည်အချင်းများကို လျော့ပေါ့စဉ်းစားနိုင်သည်။

(ဋ) **မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အနည်းဆုံး သက်တော် နှစ် (၄၀) ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) သာသနာပြုလုပ်ငန်းများကို အနည်းဆုံး (၁၀) နှစ် ဆောင်ရွက်ခဲ့ခြင်း။

(၄) စာပေသင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ တရားဟောကြားခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ဗုဒ္ဓသာသနာနုဂ္ဂဟဝင် အနည်းဆုံး ၇၅ ဦး ရရှိအောင် စီမံဆောင်ရွက်ခဲ့ခြင်း။

(သို့မဟုတ်)

ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများ၌ (၁၅) နှစ် သာသနာပြုခဲ့ခြင်း။

(သို့မဟုတ်)

သာသနာတော်အား ကျေးဇူးများသော ဗုဒ္ဓဘာသာဆိုင်ရာစာပေကျမ်းဂန် အနည်းဆုံး ၈ အုပ်ကို ရေးသားရိုက်နှိပ်ထုတ်ဝေခဲ့ခြင်း။

(သို့မဟုတ်)

အခြေခံဗုဒ္ဓဘာသာသင်တန်း (သို့မဟုတ်) ဘုန်းတော်ကြီးသင်ပညာရေး အနည်းဆုံး (၁၀) နှစ် သင်ကြားပေးခဲ့ခြင်း။

(သို့မဟုတ်)

ဘုရားစေတီတည်ထားကိုးကွယ်ခြင်း၊ သာသနိကအဆောက်အဦများ တည်ဆောက်ပြုပြင်မွမ်းမံခြင်းနှင့် ပရဟိတလုပ်ငန်းများ ထူးခြားစွာဆောင်ရွက်ခဲ့ခြင်း။

(၅) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၆) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

**မှတ်ချက်**။ ပြည်ပဘွဲ့ခံများအတွက် ထေရဝါဒဖြစ်စေ၊ မဟာယာနဖြစ်စေ၊ ဗုဒ္ဓဘာသာဂိုဏ်းတစ်ခု၏ အကြီးအကဲဖြစ်သူ (သို့မဟုတ်) ဗုဒ္ဓဘာသာအသင်းအဖွဲ့ကြီးတစ်ခု၏ ဥက္ကဋ္ဌဖြစ်သူ (သို့မဟုတ်) ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်ပါက ဂုဏ်အင်္ဂါအရည်အချင်းများကို လျှော့ပေါ့စဉ်းစားနိုင်သည်။

(ဌ) **သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) အနည်းဆုံး သက်တော် နှစ် (၃၀) ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) သာသနာပြုလုပ်ငန်းများကို အနည်းဆုံး (၅) နှစ် ဆောင်ရွက်ခဲ့ခြင်း။

(၄) စာပေသင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ တရားဟောကြားခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဗုဒ္ဓသာသနာနုဂ္ဂဟဝင် အနည်းဆုံးဦးရေ ၅၀ ရရှိအောင် စီမံဆောင်ရွက်ခဲ့ခြင်း။

(သို့မဟုတ်)

ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများ၌ (၁၀) နှစ် သာသနာပြုခဲ့ခြင်း။

(သို့မဟုတ်)

သာသနာတော်အား ကျေးဇူးများသော ဗုဒ္ဓဘာသာဆိုင်ရာစာပေကျမ်းဂန် အနည်းဆုံး ၆ အုပ်ကို ရေးသားရိုက်နှိပ်ထုတ်ဝေခဲ့ခြင်း။

(သို့မဟုတ်)

အခြေခံဗုဒ္ဓဘာသာသင်တန်း (သို့မဟုတ်) ဘုန်းတော်ကြီးသင်ပညာရေး အနည်းဆုံး (၅) နှစ် သင်ကြားပေးခဲ့ခြင်း။

(သို့မဟုတ်)

ဘုရားစေတီတည်ထားကိုးကွယ်ခြင်း၊ သာသနိကအဆောက်အဦများ တည်ဆောက်ပြုပြင်မွမ်းမံခြင်းနှင့် ပရဟိတလုပ်ငန်းများ ထူးခြားစွာဆောင်ရွက်ခဲ့ခြင်း။

(၅) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၆) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

**မှတ်ချက်။** ပြည်ပဘွဲ့ခံများအတွက် ထေရဝါဒဖြစ်စေ၊ မဟာယာနဖြစ်စေ၊ ဗုဒ္ဓဘာသာဂိုဏ်းတစ်ခု၏ အကြီးအကဲဖြစ်သူ (သို့မဟုတ်) ဗုဒ္ဓဘာသာအသင်းအဖွဲ့ကြီးတစ်ခု၏ ဥက္ကဋ္ဌဖြစ်သူ (သို့မဟုတ်) ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်ပါက ဂုဏ်အင်္ဂါအရည်အချင်းများကို လျှော့ပေါ့စဉ်းစားနိုင်သည်။

(ဍ) **အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) သက်တော် နှစ် (၅၀) ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) ကမ္မဋ္ဌာန်းရိပ်သာတစ်ခုကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်လျက် အနည်းဆုံး (၁၅) နှစ် ကမ္မဋ္ဌာန်းပြသခဲ့ခြင်း။

(၄) ဓမ္မာစရိယစာချတန်း အောင်မြင်ခြင်း (သို့မဟုတ်) ပိဋကကျမ်းစာများ သင်ယူဖူးခြင်း။

(၅) ထေရဝါဒပါဠိ၊ ပိဋကတော်လာ ကမ္မဋ္ဌာန်းနည်းများကိုသာ ပြသခြင်း။

(၆) ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်၊ ရာဇဂုဏ် ကင်းလွတ်စွာဟောပြောပြသခြင်း။

(၇) ကမ္မဋ္ဌာန်းရိပ်သာတွင် တစ်နှစ်အတွင်း တရားအားထုတ်သော ယောဂီဦးရေ ၁၀၀၀ အထက်ရှိခြင်း။

(၈) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၉) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

(ဎ) **မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) သက်တော် နှစ် (၄၀) ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) ကမ္မဋ္ဌာန်းရိပ်သာတစ်ခုကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်လျက် အနည်းဆုံး (၁၀) နှစ် ကမ္မဋ္ဌာန်းပြသခဲ့ခြင်း။

(၄) ဓမ္မာစရိယစာချတန်း အောင်မြင်ခြင်း (သို့မဟုတ်) ပိဋကကျမ်းစာများ သင်ယူဖူးခြင်း။

(၅) ထေရဝါဒပါဠိ၊ ပိဋကတော်လာ ကမ္မဋ္ဌာန်းနည်းများကိုသာ ပြသခြင်း။

(၆) ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်၊ ရာဇဂုဏ် ကင်းလွတ်စွာဟောပြောပြသခြင်း။

(၇) ကမ္မဋ္ဌာန်းရိပ်သာတွင် တစ်နှစ်အတွင်း တရားအားထုတ်သော ယောဂီဦးရေ ၅၀၀ အထက်ရှိခြင်း။

(၈) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၉) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

(ဏ) **ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) သက်တော် နှစ် (၃၀) ရှိခြင်း။

(၂) သီလဝန္တဖြစ်ခြင်း။

(၃) ကမ္မဋ္ဌာန်းရိပ်သာတစ်ခုတွင် အနည်းဆုံး (၅) နှစ် ကမ္မဋ္ဌာန်း ပြသခဲ့ခြင်း။

(၄) ဓမ္မာစရိယစာချတန်း အောင်မြင်ခြင်း (သို့မဟုတ်) ပိဋကကျမ်းစာများ သင်ယူဖူးခြင်း။

(၅) ထေရဝါဒပါဠိ၊ ပိဋကတော်လာ ကမ္မဋ္ဌာန်းနည်းများကိုသာ ပြသခြင်း။

(၆) ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်၊ ရာဇဂုဏ် ကင်းလွတ်စွာဟောပြောပြသခြင်း။

(၇) ကမ္မဋ္ဌာန်းရိပ်သာတွင် တစ်နှစ်အတွင်း တရားအားထုတ်သော ယောဂီဦးရေ ၃၀၀ အထက် ရှိခြင်း။

(၈) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း။

(၉) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း။

(တ) **အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်နှင့် အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) ဥပါသကာဂုဏ်ရည် (၁၀) ပါးကို စောင့်ထိန်းသူဖြစ်ခြင်း။

(၂) ရှင်သာမဏေ အပါး ၃၀၀ နှင့်အထက် တစ်ဦးတည်းဒါယကာခံ၍ ရှင်ပြုပေးခြင်း။

(၃) ရှင်သာမဏေ အပါး ၃၀ ကို တစ်ဦးတည်းဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါး ထောက်ပံ့ပေးလျက်ရှိခြင်း။

(၄) ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ သာသနိကအဆောက်အဦများ အသစ်တည်ဆောက်လှူဒါန်းခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ကျပ်သိန်း ၃၀၀ အထက် လှူဒါန်းခဲ့ခြင်း။

(၅) ပရိယတ္တိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်တို့တွင် ထာဝရငွေပဒေသာပင်၊ ပစ္စည်းလေးပါးနှင့် သာသနိကအဆောက်အဦတို့အတွက် ကျပ်သိန်း ၃၀၀ အထက် လှူဒါန်းခဲ့ခြင်း။

(၆) ပြစ်ဒဏ်ကျခံခဲ့ဖူးသူ မဖြစ်ခြင်း။

(၇) တည်ဆဲဥပဒေများနှင့်အညီ လိုက်နာနေထိုင်သူ ဖြစ်ခြင်း။

(၈) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်ခြင်း။

(၉) ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများသို့ လှူဒါန်းခြင်း၊ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းခြင်း အပါအဝင် အခြားသာသနာရေးဆိုင်ရာကိစ္စရပ်များတွင် လှူဒါန်းခြင်း စသည့် လှူဒါန်းငွေစုစုပေါင်းသည် ကျပ်သိန်း ၅၀၀၀ အထက် ရှိခြင်း။

(ထ) **သိရီသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်နှင့် သိရီသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) ဥပါသကာဂုဏ်ရည် (၁၀) ပါးကို စောင့်ထိန်းသူဖြစ်ခြင်း။

(၂) ရှင်သာမဏေ အပါး ၂၀၀ နှင့်အထက် တစ်ဦးတည်းဒါယကာခံ၍ ရှင်ပြုပေးခြင်း။

(၃) ရှင်သာမဏေ အပါး ၂၀ ကို တစ်ဦးတည်းဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါး ထောက်ပံ့ပေးလျက်ရှိခြင်း။

(၄) ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ သာသနိကအဆောက်အဦများ အသစ်တည်ဆောက်လှူဒါန်းခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ကျပ်သိန်း ၂၀၀ အထက် လှူဒါန်းခဲ့ခြင်း။

(၅) ပရိယတ္တိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်တို့တွင် ထာဝရငွေပဒေသာပင်၊ ပစ္စည်းလေးပါးနှင့် သာသနိကအဆောက်အဦတို့အတွက် ကျပ်သိန်း ၂၀၀ အထက် လှူဒါန်းခဲ့ခြင်း။

(၆) ပြစ်ဒဏ်ကျခံခဲ့ဖူးသူ မဖြစ်ခြင်း။

(၇) တည်ဆဲဥပဒေများနှင့်အညီ လိုက်နာနေထိုင်သူ ဖြစ်ခြင်း။

(၈) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်ခြင်း။

(၉) ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများသို့ လှူဒါန်းခြင်း၊ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းခြင်း အပါအဝင် အခြားသာသနာရေးဆိုင်ရာကိစ္စရပ်များတွင် လှူဒါန်းခြင်း စသည့် လှူဒါန်းငွေစုစုပေါင်းသည် ကျပ်သိန်း ၄၀၀၀ အထက်ရှိခြင်း။

**(ဒ) သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်နှင့် သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) ဥပါသကာဂုဏ်ရည် (၁၀) ပါးကို စောင့်ထိန်းသူဖြစ်ခြင်း။

(၂) ရှင်သာမဏေ အပါး ၁၀၀ နှင့်အထက် တစ်ဦးတည်းဒါယကာခံ၍ ရှင်ပြုပေးခြင်း။

(၃) ရှင်သာမဏေ ၁၀ ပါးကို တစ်ဦးတည်းဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါး ထောက်ပံ့ပေးလျက်ရှိခြင်း။

(၄) ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ သာသနိကအဆောက်အဦများ အသစ်တည်ဆောက်လှူဒါန်းခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ကျပ်သိန်း ၁၀၀ အထက် လှူဒါန်းခဲ့ခြင်း။

(၅) ပရိယတ္တိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်တို့တွင် ထာဝရငွေပဒေသာပင်၊ ပစ္စည်းလေးပါးနှင့် သာသနိကအဆောက်အဦတို့အတွက် ကျပ်သိန်း ၁၀၀ အထက် လှူဒါန်းခဲ့ခြင်း။

(၆) ပြစ်ဒဏ်ကျခံခဲ့ဖူးသူ မဖြစ်ခြင်း။

(၇) တည်ဆဲဥပဒေများနှင့်အညီ လိုက်နာနေထိုင်သူ ဖြစ်ခြင်း။

(၈) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်ခြင်း။

(၉) ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများသို့ လှူဒါန်းခြင်း၊ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းခြင်း အပါအဝင် အခြားသာသနာရေးဆိုင်ရာကိစ္စရပ်များတွင် လှူဒါန်းခြင်း စသည့် လှူဒါန်းငွေစုစုပေါင်းသည် ကျပ်သိန်း ၃၀၀၀ အထက်ရှိခြင်း။

**(ဓ) သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်နှင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) ဥပါသကာဂုဏ်ရည် (၁၀) ပါးကို စောင့်ထိန်းသူဖြစ်ခြင်း။

(၂) ရှင်သာမဏေ အပါး ၅၀ နှင့်အထက် တစ်ဦးတည်းဒါယကာခံ၍ ရှင်ပြုပေးခြင်း။

(၃) ရှင်သာမဏေ ၅ ပါးကို တစ်ဦးတည်းဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါး ထောက်ပံ့ပေးလျက်ရှိခြင်း။

(၄) ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ သာသနိကအဆောက်အဦများ အသစ်တည်ဆောက်လှူဒါန်းခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ကျပ်သိန်း ၅၀ အထက် လှူဒါန်းခဲ့ခြင်း။

(၅) ပရိယတ္တိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်တို့တွင် ထာဝရငွေပဒေသာပင်၊ ပစ္စည်းလေးပါးနှင့် သာသနိကအဆောက်အဦတို့အတွက် ကျပ်သိန်း ၅၀ အထက် လှူဒါန်းခဲ့ခြင်း။

(၆) ပြစ်ဒဏ်ကျခံခဲ့ဖူးသူ မဖြစ်ခြင်း။

(၇) တည်ဆဲဥပဒေများနှင့်အညီ လိုက်နာနေထိုင်သူ ဖြစ်ခြင်း။

(၈) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်ခြင်း။

(ဇ) ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ဗုဒ္ဓသာသနာထွန်းကားမှု အားနည်းသောဒေသများသို့ လှူဒါန်းခြင်း၊ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းခြင်း အပါအဝင် အခြားသာသနာရေးဆိုင်ရာကိစ္စရပ်များတွင် လှူဒါန်းခြင်း စသည့် လှူဒါန်းငွေစုစုပေါင်းသည် ကျပ်သိန်း ၂၀၀၀ အထက်ရှိခြင်း။

၇။ အထက်ပါ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ လိုအပ်သောလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ အမိန့်များကို သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်ရမည်။

၈။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁) နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၀၀) တို့အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် )

## ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်ကြသည့် နေအိမ်ဝိုင်းများအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်<br>ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(ဇ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး တွဲဖက်အတွင်းရေးမှူး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကျေးလက်နေပြည်သူများ ပိုင်ဆိုင်သည့် အိမ်ခြံမြေများအတွက် မြေငှားဂရန် (မြေငှားစာချုပ်) ထုတ်ပေးနိုင်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရန်။

(ခ) ရှေ့ပြေးစမ်းသပ်မှုလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ် တစ်မြို့နယ်လျှင် မြေယာမှုခင်းအရှုပ်အရှင်းမရှိသော ကျေးရွာတစ်ရွာစီအား ရွေးချယ်၍ စတင် ဆောင်ရွက်ရန်။

(ဂ) ရှေ့ပြေးစမ်းသပ်မှုလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များနှင့် အတွေ့အကြုံများအပေါ် အခြေခံ၍ အခြားမြေယာအရှုပ်အရှင်းမရှိဘဲ ဆောင်ရွက်နိုင်မည့်ကျေးရွာအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေတိုရေရှည်အစီအစဉ်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန်။

(ဃ) ပုံမှန်သမားရိုးကျလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာဌာနများ၊ ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ၁ ဧကအောက်မြေအတွက် ၄၀ ရက်အတွင်း၊ ၅ ဧကအောက်မြေအတွက် ၆၀ ရက်အတွင်း အပြီးဆောင်ရွက်၍ နှစ် ၃၀ မြေငှားစာချုပ်ထုတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်း၍ ကွင်းဆင်း ဆောင်ရွက်ပေးသည့် စီမံချက်လုပ်ငန်းအဖြစ် ဆောင်ရွက်ရန်။

(င) စနစ်တကျ အကွက်ရိုက်ထားလေ့မရှိသော ကျေးရွာများ၏ Landscape မြေအနေအထားအရ လေးထောင့်ကျကျ အကွက်မရိုက်ထားသော်လည်း အနားမညီ အိမ်ဝိုင်း၊ မြေဝိုင်းများကို အကွက် ရိုက်ပေးသကဲ့သို့ ယူဆသတ်မှတ်ပြီး အိမ်ငှားဂရန် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်။

(စ) ကျေးရွာသို့ လက်တွေ့ကွင်းဆင်းပြီး ကျေးရွာအိမ်ထောင်စုများက စုပေါင်းလျှောက်ထားစေလျက် မြေငှားဂရန်ရရှိရေး တာဝန်ရှိဌာနဆိုင်ရာများက ကျေးလက်ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု အသွင်ဖြင့် စီမံပေးရန်။

(ဆ) မြေတိုင်းတာရာတွင် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းလုံလောက်မှုမရှိသည့်အတွက် နည်းပညာ တက္ကသိုလ်၊ သိပ္ပံနှင့်စက်မှုလက်မှုအထက်တန်းကျောင်းများမှ ကျောင်းသားများ လက်တွေ့ ကွင်းဆင်းဆောင်ရွက်သည့်ပုံစံဖြင့် စီမံဆောင်ရွက်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

၃။ ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့သည် အပိုဒ် ၂ ပါ လုပ်ငန်းတာဝန် များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့နှင့် လက်တွေ့ညှိနှိုင်း

ပေါင်းစပ်၍ ၃ လအတွင်း ပြီးစီးအောင်ဆောင်ရွက်ပြီး လုပ်ငန်းအကောင်အထည်ဖော်မှုအား အမျိုးသား မြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ရန် ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

## အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ် များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်စန်းဦးအား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့် ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲ တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များ အပြင် ဗဟိုအဖွဲ့အစည်း၏တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ များ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက် ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

**ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ (Task Force) အား ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၄) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ (Task Force) တွင် နည်းပညာနှင့်အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်နှင့် အတွင်းရေးမှူး တာဝန်အား အောက်ပါအတိုင်း ပြောင်းလဲဖြည့်စွက်တာဝန်ပေးအပ်လိုက်သည် -

(၁) ဒေါက်တာစန်းလွင်, ဒုတိယဝန်ကြီး, သမ္မတရုံးဝန်ကြီးဌာန (၅) — အဖွဲ့ဝင်

(၂) ဒေါက်တာဇော်မင်းအောင်, ဒုတိယဝန်ကြီး, ပညာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက် )

**ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နောက်ဆက်တွဲ (ဆ)**

## ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ (မူကြမ်း)
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်     ။ )

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း    ရက်

( ၂၀၁၅ ခုနှစ်၊               လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ရေနံလက်ယက်တွင်း**ဆိုသည်မှာ အနက်ပေ ၁၀၀၀ အထိ ပေတိမ်ရေနံတူးဖော်ထုတ်လုပ်သည့် တွင်းကို ဆိုသည်။

(ဃ) **လက်ယက်တွင်းမှ ထွက်ရှိသောရေနံ**ဆိုသည်မှာ လက်ယက်တွင်းမှ ထွက်ရှိသည့် ဟိုက်ဒြိုကာဗွန် အရည် သို့မဟုတ် ဟိုက်ဒြိုကာဗွန်အရောအနှောနှင့် မီးလောင်လွယ်သည့် အရောအနှော စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝဓာတ်ငွေ့ မပါဝင်။

(င) **လက်ယက်တွင်းရေနံတူးဖော်ခြင်းလုပ်ငန်း**ဆိုသည်မှာ ရေနံရယူရန်အလို့ငှာ သက်ဆိုင်ရာ လုပ်ကွက်၏ မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက်ကျောက်လွှာကိုဖြစ်စေ ကုန်းတွင်းတွင် တူးဖော်ခြင်း၊ တူးဖောက်ခြင်း၊ တူးဆွခြင်းလုပ်ငန်းကို ဆိုသည်။

(စ) **လက်ယက်တွင်းရေနံထုတ်လုပ်ခြင်းလုပ်ငန်း**ဆိုသည်မှာ ခွင့်ပြုမိန့်အရ ဆောင်ရွက်သည့် လုပ်ကွက်အတွင်းတွင် ရေနံရယူရန်အလို့ငှာ မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက်ကျောက်လွှာကို ဖြစ်စေ လူအင်အားဖြင့် ကုန်းတွင်းတွင် တူးဖော်ခြင်း၊ တူးဖောက်ခြင်း၊ တူးဆွခြင်းမှ ထွက်ရှိလာသည့် ရေနံကိုဖြစ်စေ၊ မြေအောက်မှမြေပြင်ပေါ်သို့ အလိုအလျောက်စိမ့်ထွက်သောရေနံကိုဖြစ်စေ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆိုသည်။ သို့ရာတွင် ယင်းစကားရပ်တွင် ရေနံသယ်ယူခြင်း၊ ပြုပြင်ချက်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့ မပါဝင်။

(ဆ) **ခွင့်ပြုမိန့်**ဆိုသည်မှာ လက်ယက်တွင်းမှ ရေနံတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဇ) **လိုင်စင်**ဆိုသည်မှာ ရေနံလက်ယက်တွင်းမှ ရေနံတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနမှ ထုတ်ပေးသည့် ရေနံလက်ယက်တွင်း တူးဖော်၊ ထုတ်လုပ်ခွင့် လိုင်စင်ကို ဆိုသည်။

(ဈ) **လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**ဆိုသည်မှာ ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ခွင့်ပြုမိန့်ပါ လုပ်ကွက်အတွင်း ရေနံလက်ယက်တွင်း တူးဖော်၊ ထုတ်လုပ်ခွင့်လိုင်စင်အရ လုပ်ကိုင်ခွင့်ရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ည) **လုပ်ကွက်**ဆိုသည်မှာ နိုင်ငံတော်ပိုင်နယ်နိမိတ်အတွင်းရှိ ကုန်းတွင်းပိုင်းတွင် ဝန်ကြီးဌာနမှ အတည်ပြုသတ်မှတ်ထားသော အကျယ်အဝန်းရှိသည့် လက်ယက်တွင်းလုပ်ကွက်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ရေနံလက်ယက်တွင်းများမှ ရေနံသယံဇာတများကို စနစ်တကျ တူးဖော် ထုတ်လုပ်ရန်၊

(ခ) ထွက်ရှိလာသည့် ရေနံသယံဇာတများအား ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်၊

(ဂ) သက်ဆိုင်ရာလုပ်ကွက် တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(ဃ) ရေနံလက်ယက်တွင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများ မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေး ဆောင်ရွက်ရန်။

## အခန်း (၃)
## ခွင့်ပြုမိန့်နှင့် လိုင်စင်လျှောက်ထားခြင်း

၄။ ရေနံလက်ယက်တွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများသာ ဆောင်ရွက်ခွင့်ရှိပြီး ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ လျှောက်ထားရမည်။ လျှောက်လွှာလက်ခံရရှိသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ၎င်း၏ ထောက်ခံချက်ဖြင့် ဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ရမည်။

၅။ ဝန်ကြီးဌာနသည် လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်ကြောင်း တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခွင့်ပြုမိန့်ရရှိရန်အတွက် ဆက်လက်တင်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို တောင်းခံရမည်။ သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိပါက လျှောက်ထားချက်ကို ပယ်ဖျက်နိုင်သည်။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ကြီးဌာန၏ တင်ပြချက်ကို လက်ခံရရှိပါက ရေနံလက်ယက်တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ ထုတ်ပြန်သည့် ရေနံလက်ယက်တွင်းတူးဖော်ခြင်း လုပ်ငန်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာလက်ခံရရှိပါက လျှောက်ထားသူအား ဘဏ္ဍာရေးနှစ်တစ်နှစ် သက်တမ်းရှိသည့်လိုင်စင် ထုတ်ပေးခြင်း၊ လိုင်စင်သက်တမ်း တိုးပေးခြင်း ပြုနိုင်သည်။ ထို့ပြင် ဝန်ကြီးဌာနသည် လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်သည်။

## အခန်း (၄)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာ

ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ ယင်းသို့ အရေးယူဆောင်ရွက်နိုင်ရန် လိုအပ်သလို အဖွဲ့ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်သူ၏ ဆောင်ရွက်မှုသည် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုစီးပွားထိခိုက်မှု ရှိ မရှိ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရမှ စစ်ဆေးအရေးယူ ဆောင်ရွက်တင်ပြလာမှုအပေါ် စီမံခန့်ခွဲမှုနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

၉။ ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်း ဖြစ်သည် -

နိုင်ငံတော်အစိုးရက အများပြည်သူ အကျိုးစီးပွားအလို့ငှာ လိုအပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ဆောင်ရွက်နေသော လုပ်ကွက်မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း။

## အခန်း (၅)
## လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ လိုက်နာရမည့်စည်းကမ်းများ

၁၀။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) ခွင့်ပြုမိန့်ပါလုပ်ငန်းကို ဤဥပဒေနှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လိုင်စင်ပါ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရေနံလက်ယက်တွင်းလုပ်ငန်းကို သမားရိုးကျ (Conventional) နည်းလမ်းဖြင့်သာ ထုတ်လုပ်ဆောင်ရွက်ရမည်ဖြစ်ပြီး အခြားနည်းလမ်းတစ်ခုခုဖြင့် သဲကြောအား ပြုပြင်ထုတ်လုပ်ခြင်း မပြုလုပ်ရ။

(ဂ) ရေနံလက်ယက်တွင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန်နှင့် လူမှုစီးပွားထိခိုက်မှုမဖြစ်စေရန် ဆောင်ရွက်ရမည့်အပြင် လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အခါ ခွင့်ပြုလုပ်ကွက်၏ မြေမျက်နှာပြင်အား မူလအနေအထား အတိုင်း ဖြစ်စေရန် ပြန်လည်ပြုပြင်ထားရှိရမည်။

(ဃ) လိုင်စင်အရ ဆောင်ရွက်သည့်လုပ်ငန်းအား လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်ရမည်။ အခြားမည်သည့်ပုဂ္ဂိုလ်၊ အသင်း သို့မဟုတ် အဖွဲ့အစည်းကိုမျှ လွှဲပြောင်းဆောင်ရွက်ခြင်း မပြုရ။

(င) လိုင်စင်ရရှိသည့်နေ့မှ (၃) လအတွင်း ရေနံလက်ယက်တွင်းလုပ်ငန်းကို စတင်ဆောင်ရွက်ရမည်။ ယင်းရေနံလက်ယက်တွင်းမှထွက်ရှိသည့် ရေနံနမူနာကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လိုအပ်၍ တောင်းဆိုသည့်အခါ အခမဲ့ပေးအပ်ရမည်။

(စ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ၎င်းထံ တင်ပြလာသော နေ့စဉ် ရေနံထုတ်လုပ်မှုပမာဏစာရင်းဇယားကို ပေါင်းစပ်စုစည်း၍ ဝန်ကြီးဌာနသို့ လစဉ် မပျက်မကွက်ပေးပို့ရမည်။

(ဆ) နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်လာလျှင် ခွင့်ပြုထားသော မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ ပြန်လည်အပ်နှံရမည်။ ထိုသို့ပြန်လည်အပ်နှံပြီးနောက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့်နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထားနိုင်သည်။

(ဇ) လိုင်စင်အား ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရပါက ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံရသည့်နေ့မှ ရက်သတ္တတစ်ပါတ်အတွင်း လုပ်ငန်းရပ်ဆိုင်းပြီး ခွင့်ပြုမိန့်ရသည့် လုပ်ကွက်အတွင်းမှ အမြန်ဆုံးဖယ်ရှားပေးရမည်။

(ဈ) ရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်း၏ အလုပ်သမားများနှင့်ပတ်သက်၍ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ည) လိုင်စင်သက်တမ်းအတွင်း လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုခြင်း မရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့မှတစ်ဆင့် ဝန်ကြီးဌာနသို့ အကြောင်းကြား၍ လုပ်ကွက်အား ပြန်လည်အပ်နှံရမည်။

(ဋ) ဝန်ကြီးဌာနက ဖွဲ့စည်းပေးသော စစ်ဆေးရေးအဖွဲ့၏ လိုအပ်သလို စစ်ဆေးမှုကို ခံယူရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလက်ယက်တွင်းမှ ရေနံအား သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၂။ (က) ဝန်ကြီးဌာနသည် တည်ဆဲဥပဒေများ၊ လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိသည့်လုပ်ငန်း လုပ်ကိုင်ခွင့်ရသူအား လိုင်စင်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းခံရသူသည် ထိုသို့ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းခံရသည့် နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးဌာနသို့ ပြန်လည်သုံးသပ်ပေးနိုင်ပါရန် တင်ပြနိုင်သည်။ ဝန်ကြီးဌာနသည် ယင်းတင်ပြလာမှုအပေါ် စိစစ်၍ မူလဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၁၃။ မည်သူမျှ လိုင်စင်မရှိဘဲ လက်ယက်တွင်းရေနံတူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်း မပြုရ။

၁၄။ မည်သူမဆို ပုဒ်မ ၁၃ အရ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး သုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်သိန်းငါးဆယ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် စက်ကိရိယာ တန်ဆာပလာ၊ ဝတ္ထုပစ္စည်းနှင့်အဆောက်အအုံများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၅။ မည်သူမျှ ဤဥပဒေပါ ခွင့်ပြုမိန့်လိုင်စင်အရ လုပ်ငန်းဆောင်ရွက်ရာတွင် ဤဥပဒေနှင့် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။ ထို့ပြင် လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၆။ မည်သူမဆို ပုဒ်မ ၁၅ အရ ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး တစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ်သိန်းသုံးဆယ်

ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ထွက်ရှိသည့် ရေနံနှင့်စက်ကိရိယာတန်ဆာပလာ၊ ဝတ္ထုပစ္စည်းနှင့် အဆောက်အအုံများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

## အခန်း (၈)

## အထွေထွေ

၁၇။ ဤဥပဒေ မပြဋ္ဌာန်းမီက ဤဥပဒေပါ ကိစ္စအလို့ငှာ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပေးထားသည့် အတည်ဖြစ်လျက်ရှိသော ရေနံလက်ယက်တွင်း တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းသည် ယင်းလိုင်စင်ပါ သက်တမ်းအတိုင်းသာ အတည်ဖြစ်စေရမည်။ ယင်းသက်တမ်းကုန်ဆုံးပြီးနောက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေ မပြဋ္ဌာန်းမီက ဤဥပဒေပါ ကိစ္စအလို့ငှာ အခြားတည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် အတည်ဖြစ်လျက်ရှိသော ရေနံလက်ယက်တွင်း တူးဖော်၊ ထုတ်လုပ်ခွင့်လိုင်စင်မှာ ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ဝန်ကြီးဌာနသည် ဤဥပဒေနှင့် နည်းဥပဒေပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနှင့် စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စွမ်းအင်ဆိုင်ရာ လမ်းညွှန်ချက်များကို ခံယူဆောင်ရွက်ရမည်။

၂၁။ ဤဥပဒေ ပုဒ်မ ၁၆ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၂။ လိုင်စင်ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်အတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည်။

၂၃။ ဤဥပဒေပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းမှထွက်ရှိသော ရေနံပမာဏပေါ်မူတည်၍ သက်ဆိုင်ရာ ရေနံလက်ယက်တွင်း လုပ်ကွက်တည်ရှိရာဒေသ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ထံသို့ ရန်ပုံငွေ ထည့်ဝင်ရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက် )

**အကျဉ်းထောင်များဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အကျဉ်းထောင်များဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**အကျဉ်းထောင်များဥပဒေ (မူကြမ်း)**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းထပ်မံမကျူးလွန်စေရန် ကာကွယ်ရေး အတွက် အဓိကရည်ရွယ်လျက် အကျဉ်းသားများအား ပြစ်ဒဏ်ပေးသည့်သဘောမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲပေးရန်၊ လူကောင်းသူကောင်းများ ဖြစ်လာစေရန်နှင့် ပြစ်ဒဏ်မှ လွတ်မြောက် ပြီးသောအခါ ထိုက်သင့်သော အသက်မွေးမှုပညာရပ်များ သင်ကြားတတ်မြောက်စေရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အကျဉ်းထောင်များဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **အကျဉ်းထောင်**ဆိုသည်မှာ အကျဉ်းသားများအား ထိန်းသိမ်းထားရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အမြဲတမ်းဖြစ်စေ၊ ယာယီ ဖြစ်စေ သတ်မှတ်ထားသော မြေနေရာများ၊ အချုပ်ထောင်အဖြစ် သတ်မှတ်ထားသော မြေနေရာ များ၊ အဆောက်အဦများနှင့် အဆောက်အဦ အစိတ်အပိုင်းများ၊ စခန်းများနှင့် ရဲအချုပ်ခန်းများကို ဆိုသည်။ သို့ရာတွင် အကျဉ်းဦးစီးဌာန၏ အုပ်ချုပ်မှုအောက်တွင်မရှိသော အကျဉ်းသားများအား ချုပ်နှောင်ထားရှိရာ နေရာတစ်ခုခု မပါဝင်။

(ခ) **သီးသန့်အခန်း**ဆိုသည်မှာ အခြားအကျဉ်းသားများနှင့် ဆက်သွယ်မှုမပြုလုပ်နိုင်ရန် သီးခြား ထားရှိသည့် အဆောက် သို့မဟုတ် အခန်းကို ဆိုသည်။

(ဂ) **စခန်း**ဆိုသည်မှာ ပြစ်ဒဏ်ကျအကျဉ်းသားများအတွက် ဖွင့်လှစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အသက်မွေးပညာ သင်ကြားပေးရန် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ သတ်မှတ်ထားသော အကျဉ်းဦးစီးဌာန၏ နေရာတစ်ခုခုကို ဆိုသည်။

(ဃ) **အကျဉ်းသား**ဆိုသည်မှာ အကျဉ်းထောင်၌ရှိနေသော ပြစ်ဒဏ်ကျအကျဉ်းသား၊ အချုပ်အကျဉ်းသား၊ လူငယ်အကျဉ်းသား၊ သေဒဏ်ကျခံရသောအကျဉ်းသား၊ နှစ်ကြီးအကျဉ်းသားနှင့် တရားမ အကျဉ်းသားတို့ကို ဆိုသည်။

(င) **ပြစ်ဒဏ်ကျအကျဉ်းသား**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားသဖြင့် တရားရုံး တစ်ခုခု သို့မဟုတ် ဥပဒေအရ အခွင့်အာဏာရသူတစ်ဦးဦး၏ ထောင်ချမိန့် သို့မဟုတ် စာချွန်တော်အမိန့်ဖြင့် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံရန် ပို့အပ်ခြင်းခံရသူကို ဆိုသည်။

(စ) **အချုပ်အကျဉ်းသား**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း စွပ်စွဲချက်ဖြင့် စစ်ဆေးနေစဉ်ကာလအတွင်း ချုပ်မိန့်ဖြင့် အကျဉ်းထောင်တွင် ချုပ်နှောင်ခြင်းခံရသူကို ဆိုသည်။

(ဆ) **နှစ်ကြီးအကျဉ်းသား**ဆိုသည်မှာ စုစုပေါင်းထောင်ဒဏ် နှစ် (၂၀) နှင့်အထက် ချမှတ်ခြင်းခံထားရသည့် နှစ်ကြီးအကျဉ်းသားကို ဆိုသည်။

(ဇ) **လူငယ်အကျဉ်းသား**ဆိုသည်မှာ အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသော ပြစ်ဒဏ်ကျအကျဉ်းသားကို ဆိုသည်။

(ဈ) **တရားမအကျဉ်းသား**ဆိုသည်မှာ တရားမမှုဖြင့် တရားစွဲဆိုသည့်အမှုတွင် တရားရှုံးပြီး တရားရုံးမှ တရားမဝရမ်းဖြင့် အကျဉ်းထောင်သို့ ပို့အပ်ခြင်းခံရသော အကျဉ်းသားကို ဆိုသည်။

(ည) **ကိုယ်ရေးမှတ်တမ်း**ဆိုသည်မှာ ဤဥပဒေအရ အကျဉ်းသားတစ်ဦးချင်းနှင့် ပတ်သက်၍ လိုအပ်သည့် ကိုယ်ရေးမှတ်တမ်းနှင့် အချက်အလက်များအား စာတမ်းအမှတ်အသားဖြင့်ဖြစ်စေ၊ အဆင့်မြင့် အီလက်ထရောနစ် နည်းပညာဖြင့်ဖြစ်စေ၊ အကျဉ်းသားဆိုင်ရာ သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ် (Prisoners Management Information System-PMIS) ဖြင့်ဖြစ်စေ ဖော်ပြထားသည့် မှတ်တမ်းကိုဆိုသည်။

(ဋ) **မှုခင်းမှတ်တမ်း**ဆိုသည်မှာ ပြစ်ဒဏ်ကျအကျဉ်းသားနှင့်စပ်လျဉ်း၍ လက်ပုံစံနှင့် ခြေပုံစံပါ မှတ်တမ်းများကို ဆိုသည်။

(ဌ) **ထောင်ဝင်စာ**ဆိုသည်မှာ အကျဉ်းသားအား ၎င်း၏မိသားစုဝင်များ သို့မဟုတ် သက်ဆိုင်ရာ သံရုံးများမှ သံရုံးအဖွဲ့ဝင်များ သို့မဟုတ် ခွင့်ပြုချက်ရရှိထားသူများမှ လာရောက်တွေ့ဆုံရန်နှင့် ခွင့်ပြုထားသောပစ္စည်းများ ပေးသွင်းရန် ခွင့်ပြုချက်ကို ဆိုသည်။

(ဍ) **ထောင်ဝင်စာဧည့်သည်**ဆိုသည်မှာ အကျဉ်းသားတစ်ဦးအား တွေ့ဆုံရန် သို့မဟုတ် အကူအညီပေးရန် ရည်ရွယ်ချက်ဖြင့် အကျဉ်းထောင်သို့ ခွင့်ပြုချက်ဖြင့် လာရောက်ခွင့်ရသူကို ဆိုသည်။

(ဎ) **တရားဝင်ဧည့်သည်**ဆိုသည်မှာ အကျဉ်းထောင်နှင့် အကျဉ်းသားများအား အကူအညီပေးရန် အကျဉ်းထောင်သို့ လာရောက်ခွင့်ရသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အကျိုးဆောင် ပုဂ္ဂိုလ်များကိုဆိုသည်။

(ဏ) **တားမြစ်ပိတ်ပင်ထားသောပစ္စည်း**ဆိုသည်မှာ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေတွင် ဖြစ်စေ၊ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်တွင်ဖြစ်စေ အကျဉ်းထောင်အတွင်းသို့ သို့မဟုတ် အပြင်သို့ သွင်းခြင်း သို့မဟုတ် ထုတ်ယူခြင်း မပြုရန် သတ်မှတ်ထားသည့် အရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို ဆိုသည်။

(တ) **ပြစ်ဒဏ်**ဆိုသည်မှာ သက်ဆိုင်ရာတရားရုံးများက ပြစ်မှုနှင့်စပ်လျဉ်း၍ မူလအမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထူးအယူခံမှုနှင့် စာချွန်တော်အမိန့်လျှောက်ထားမှုများအရ ချမှတ်အတည်ပြုထားသော ပြစ်ဒဏ်

တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အရ ဆက်လက်ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်ကိုသော်လည်းကောင်း၊ လုံလောက်သောအာမခံဖြင့် ခံဝန်ချုပ် ချုပ်ဆိုရမည့်ကိစ္စ၌ ခံဝန်ချုပ် ချုပ်ဆိုမည့်သူ သို့မဟုတ် အာမခံမည့်သူမရှိသည့်အတွက် အကျဉ်းထောင်သို့ ပို့အပ်သည့် ပြစ်ဒဏ်ကိုသော်လည်းကောင်း ဆိုသည်။

(ထ) **ထောင်ချမိန့်**ဆိုသည်မှာ တရားရုံးတစ်ခုခု သို့မဟုတ် ဥပဒေအရ အခွင့်အာဏာရသူတစ်ဦးဦးမှ ထောင်သို့ ပို့အပ်သည့်အမိန့် (ဝရမ်း) ကို ဆိုသည်။

(ဒ) **ချုပ်မိန့်**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း စွပ်စွဲချက်ဖြင့် စစ်ဆေးနေစဉ် ကာလအတွင်း ချုပ်နှောင်ထားရန် တရားရုံးတစ်ခုခုမှ သို့မဟုတ် ဥပဒေအရ အခွင့်အာဏာရသူ တစ်ဦးဦးမှ ထောင်သို့ ပို့အပ်သည့်အမိန့်ကို ဆိုသည်။

(ဓ) **လျှော့ရက်**ဆိုသည်မှာ အကျဉ်းထောင်စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သော အကျဉ်းသားများအား ၎င်းတို့ကျခံရမည့် ပြစ်ဒဏ်ကာလကို တိုတောင်းစေရန် နည်းဥပဒေနှင့်အညီ လျှော့ရက်ခံစားခွင့်ပြုခြင်းကို ဆိုသည်။

(န) **ခွင့်ပြုမိန့်**ဆိုသည်မှာ အကျဉ်းထောင်စည်းကမ်းချက်များနှင့်အညီ ကောင်းမွန်စွာနေထိုင်သည့် အကျဉ်းသား၏ ပြစ်ဒဏ်ကာလ အစိတ်အပိုင်းတစ်ခုခုကို မြန်မာနိုင်ငံအတွင်းရှိ သတ်မှတ်သည့် ဒေသတစ်ခုခုတွင် စည်းကမ်းချက်ဖြင့်နေထိုင်ရန် အစိုးရက ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

(ပ) **အကျဉ်းထောင်လုပ်ငန်းများ**ဆိုသည်မှာ အကျဉ်းထောင်တွင် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် အကျဉ်းထောင်အတွင်း အထွေထွေလုပ်ငန်းများကိုဆိုသည်။

(ဖ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဗ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အကျဉ်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဘ) **တာဝန်ခံအရာရှိ**ဆိုသည်မှာ အကျဉ်းထောင်တစ်ခုကို တာဝန်ခံ၍ စီမံကြပ်မတ် အုပ်ချုပ်ကွပ်ကဲရန် တာဝန်ပေးအပ်ခြင်းခံရသည့် အကျဉ်းထောင်အရာရှိကို ဆိုသည်။

(မ) **အကျဉ်းထောင်အရာရှိ**ဆိုသည်မှာ အကျဉ်းဦးစီးဌာန၏ ဒုတိယကြီးကြပ်ရေးမှူးအဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ အဆင့်ဆင့်သော စီမံခန့်ခွဲရေးဆိုင်ရာ အရာရှိအသီးသီးကို ဆိုသည်။

(ယ) **ဝန်ထမ်း**ဆိုသည်မှာ အကျဉ်းဦးစီးဌာနရှိ အရာထမ်းနှင့် အမှုထမ်းများကို ဆိုသည်။

(ရ) **ကျန်းမာရေးဝန်ထမ်း**ဆိုသည်မှာ အကျဉ်းဦးစီးဌာနတွင် အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း တာဝန်ထမ်းဆောင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ဖြစ်စေ၊ ဝန်ကြီးဌာနမှ တိုက်ရိုက်ဖြစ်စေ တရားဝင်အသိအမှတ်ပြုခန့်ထားသော ဝန်ထမ်းကို ဆိုသည်။

## အခန်း (၂)
## အကျဉ်းထောင်များကို စီမံအုပ်ချုပ်ခြင်း

### တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနသည် အကျဉ်းသားများအား ထိန်းသိမ်းထားရှိနိုင်ရန် အကျဉ်းထောင်များကို လိုအပ်သလို တည်ဆောက်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် ရွှေ့ပြောင်းခြင်းပြုနိုင်သည်။

၄။ ညွှန်ကြားရေးမှူးချုပ်သည် အကျဉ်းထောင်များတွင် လုံခြုံမှုနှင့်အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့မှုရှိစေရန် အကျဉ်းသားအရေအတွက်အား သတ်မှတ်ထားရှိရမည်။

၅။ ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်အကျဉ်းသားအရေအတွက်ထက် ပိုမိုများပြားလာပါက နည်းဥပဒေနှင့်အညီ အခြားအကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးရမည်။ အခြားအကျဉ်းထောင်သို့ ပြောင်းရွှေ့ရန် အဆင်မပြေသည့်အချိန်တွင်လည်းကောင်း၊ ကူးစက်ရောဂါဖြစ်ပွားပေါ်ပေါက်နေချိန်တွင်လည်းကောင်း အကျဉ်းသားများအား လုံခြုံစွာထားရှိနိုင်မည့် ယာယီအဆောက်အဦများ ဆောက်လုပ်ပြီး အကျဉ်းသားများအား အဆင်ပြေစွာနှင့် လုံခြုံစွာ ထားရှိရန် စီမံဆောင်ရွက်ရမည်။

၆။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသော ဘဏ္ဍာငွေကို ဘဏ္ဍာရေးစည်းမျဉ်းများ၊ ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(ဂ) လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အကျဉ်းဦးစီးဌာန၏ မည်သည့်အကျဉ်းထောင်အရာရှိကိုမဆို နည်းလမ်းတကျ တာဝန်ပေးအပ်နိုင်သည်။

(ဃ) အကျဉ်းထောင်များတွင် ကူးစက်ရောဂါများ ကျယ်ပြန့်စွာဖြစ်ခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ခြင်း၊ အကျဉ်းသားများ၏ လုံခြုံရေးကို ထိခိုက်စေသည့် အန္တရာယ်များဖြစ်ခြင်းတို့ ပေါ်ပေါက်လာပါက အထူးကိစ္စရပ်အဖြစ် သတ်မှတ်၍ စီမံခန့်ခွဲဆောင်ရွက်ရမည်။

(င) လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးလအထိ သံခြေချင်းခတ်ထားသော အကျဉ်းသားအား သုံးလထက် ကျော်လွန်၍ သံခြေချင်းခတ်သင့်ကြောင်း တာဝန်ခံအရာရှိတင်ပြချက်အပေါ် စိစစ်၍ ခွင့်ပြုနိုင်သည်။

(စ) အကျဉ်းသားတစ်ဦးဦးက ဥပဒေပါအခွင့်အရေးတစ်ရပ်ရပ် နစ်နာကြောင်း တာဝန်ခံအရာရှိမှတစ်ဆင့် တင်ပြလာမှုအပေါ် သင့်လျော်သည့်အမိန့် ချမှတ်ပေးရမည်။

(ဆ) အကျဉ်းထောင်တိုင်းတွင် တာဝန်ခံအရာရှိ၊ ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများကို လိုအပ်သလို ခန့်ထားရမည်။

၇။ တာဝန်ခံအရာရှိသည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အကျဉ်းထောင်နှင့် ပတ်သက်သော လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ကြီးကြပ်ကွပ်ကဲရေး၊ ဘဏ္ဍာငွေသုံးစွဲရေး အစရှိသည်တို့ကို စီမံခန့်ခွဲရမည်။

(ခ) အကျဉ်းသားအမျိုးအစား ကျား၊ မ၊ အသက်အပိုင်းအခြား၊ အရေအတွက်၊ ရောဂါခံစားနေရသူ အမျိုးမျိုး စသည်ဖြင့် အုပ်စုခွဲ၍ ဤဥပဒေနှင့်အညီ ထားရှိရမည်။

(ဂ) အကျဉ်းသားများကို အလုပ်ခွဲဝေချမှတ်ရေးအား စီမံခန့်ခွဲရမည်။

(ဃ) အကျဉ်းထောင်ပြစ်မှုကျူးလွန်သူများအတွက် အရေးယူအပြစ်ပေးခြင်းကိစ္စများကို တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။

(င) လက်အောက်ဝန်ထမ်းများအား ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်စေရေးအတွက် အနီးကပ် ကြီးကြပ်အုပ်ချုပ်ရမည်။

(စ) အကျဉ်းထောင်မှတ်တမ်းများ၊ အကျဉ်းသားများ၏ ကိုယ်ရေးမှတ်တမ်းများ၊ အကျဉ်းသားများ၏ မှုခင်းမှတ်တမ်းများအား စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်။

(ဆ) အကျဉ်းထောင်အခြေအနေအရဖြစ်စေ၊ အကျဉ်းသား၏စရိုက်လက္ခဏာအရဖြစ်စေ၊ လုံခြုံစွာ ထိန်းသိမ်းထားရှိရန် လိုအပ်သည်ဟု ယူဆရသည့် မည်သည့်အကျဉ်းသားကိုမဆို သံခြေချင်း ခတ်ထားနိုင်သည်။ လိုအပ်ပါက သီးသန့်အခန်းတွင် သီးခြားခွဲထားနိုင်သည်။

(ဈ) ပြစ်ဒဏ်အရသော်လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်လည်းကောင်း သီးသန့်အခန်းအတွင်း ၂၄ နာရီထက်ပို၍ သီးခြားချုပ်နှောင်ထားရှိသော အကျဉ်းသားကို တစ်နေ့တစ်ကြိမ် ကျန်းမာရေးဝန်ထမ်းနှင့် စစ်ဆေးကြည့်ရှုရမည်။

(ည) အလုပ်မဲ့ထောင်ဒဏ်ကျအကျဉ်းသားများကို ၎င်းတို့၏ သဘောဆန္ဒအရ သင့်လျော်သည့် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဋ) ပုဒ်မ ၄၉ ပါ ပြစ်မှုများကို ကျူးလွန်သော အကျဉ်းသားအား ဟန့်တားခြင်း၊ ရပ်တန့်ရန် အမိန့်ပေးခြင်း၊ လက်နက် သို့မဟုတ် သေနတ်ဖြင့် မပစ်ခတ်မီ သတိပေးခြင်းများ ပြုလုပ်သော်လည်း လိုက်နာခြင်းမရှိပါက တာဝန်ခံအရာရှိသည် ၎င်းအကျဉ်းသားအား လက်နက် သို့မဟုတ် သေနတ်ကို အသုံးပြုဖမ်းဆီးနိုင်သည်။ သို့ရာတွင် လိုအပ်သည့် အင်အားထက် ပိုမိုသုံးစွဲခြင်း မပြုရ။

၈။ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ခံအရာရှိတို့သည် သတ်မှတ်ထားသော လျှော့ရက်ကို နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးနိုင်သည်။

၉။ ဝန်ထမ်းများသည် အကျဉ်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ညှဉ်းပန်းနှိပ်စက်ခြင်း၊ အကြင်နာမဲ့စွာ ရက်စက်ခြင်းနှင့် လူမဆန်စွာ သို့မဟုတ် ယုတ်ညံ့စွာ ပြုမူဆက်ဆံခြင်း မပြုလုပ်စေရန် ကြီးကြပ်ကွပ်ကဲရမည်။

၁၀။ ကျန်းမာရေးဝန်ထမ်းသည် သက်ဆိုင်ရာ အကျဉ်းထောင်တာဝန်ခံအရာရှိ၏ ကွပ်ကဲမှုဖြင့် အကျဉ်းထောင်ရှိ ဝန်ထမ်းများနှင့် အကျဉ်းသားများ၏ကျန်းမာရေးကိစ္စများကို ဆောင်ရွက်ပေးရမည်။

## အကျင့်စာရိတ္တပြုပြင်ပြောင်းလဲခြင်းနှင့် အသက်မွေးပညာလေ့ကျင့်သင်ကြားပေးခြင်း

၁၁။ အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများအား နောက်ထပ်မံ၍ ပြစ်မှုကျူးလွန်လိုစိတ် ပပျောက်ပြီး လူကောင်းသူကောင်းအဖြစ် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ရည်မှန်းချက်ထားပြီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

၁၂။ အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာ၌ ဘာသာရေးဆိုင်ရာ တရားပွဲများ၊ တရားစခန်းများ၊ နှစ်သိမ့်ဆွေးနွေးမှုများနှင့် ပညာပေးဟောပြောပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးရမည်။

၁၃။ အကျဉ်းဦးစီးဌာနသည် ပြည်တွင်းပြည်ပ ဗဟုသုတများရရှိစေရေးအတွက် အကျဉ်းထောင်များတွင် စာကြည့်တိုက် ဖွင့်လှစ်၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များနှင့် ရုပ်မြင်သံကြားများကို စီမံထားရှိပေးရမည်။

၁၄။ အကျဉ်းဦးစီးဌာနသည် ပညာတစ်ပိုင်းတစ်စဖြစ်နေသော အကျဉ်းသားများနှင့် စာပေမတတ်မြောက်သူ အကျဉ်းသားများအား စာပေပညာများ သင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးရမည်။

၁၅။ အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများအား စိတ်အပန်းပြေစေရေးအတွက် ဖျော်ဖြေခြင်း၊ ပြန်ကြားခြင်းနှင့် ပညာပေးခြင်း စသည်များကို စီမံဆောင်ရွက်ပေးရမည်။

၁၆။ အကျဉ်းဦးစီးဌာနသည် အကျဉ်းထောင်များတွင် အကျဉ်းသားများ ကျန်းမာပျော်ရွှင်စေရေးအတွက် သင့်လျော်သည့် အားကစားကွင်းနှင့် အားကစားပစ္စည်းများ ထားရှိပေးရမည်။

၁၇။ အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများကို အလုပ်တာဝန်ချထားရာတွင် အကျဉ်းသားများနှင့် သင့်လျော် သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးပညာရပ်များကို သင်ကြားပေးနိုင်ရန် စီစဉ်ပေးရမည်။

၁၈။ အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးများကို ဆောင်ရွက်ပေးရမည်။

## ကျန်းမာရေးစောင့်ရှောက်ခြင်း

၁၉။ အကျဉ်းထောင်များတွင် အကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်ရန် ဆေးရုံ သို့မဟုတ် ဆေးပေးဌာနများကိုထားရှိပြီး ဆေးဝါးအလုံအလောက် ထားရှိပေးရမည့်အပြင် လိုအပ်ပါက အထူးကုဆရာဝန်ကြီးများဖြင့် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်။

၂၀။ အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ဖြစ်စေ၊ ဝန်ကြီးဌာနမှ တိုက်ရိုက်ဖြစ်စေ ခန့်ထားနိုင်သည်။

၂၁။ ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်ရှိသော အကျဉ်းထောင်များမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အကူအညီတောင်းခံလာမှုအပေါ် သက်ဆိုင်ရာဒေသရှိ ကျန်းမာရေးဝန်ကြီးဌာန၏ ဝန်ထမ်းများက ဆောင်ရွက်ပေးရမည်။

## အခန်း (၃)
## အကျဉ်းသားများကို စီမံခန့်ခွဲခြင်း

### အကျဉ်းသားများကို လက်ခံခြင်း

၂၂။ (က) မည်သည့်အချိန်ကာလတွင်မဆို အကျဉ်းသားတစ်ဦးကို အကျဉ်းထောင်အတွင်းသို့ ရောက်ရှိလျှင် ရောက်ရှိချင်း တာဝန်ကျဝန်ထမ်းက ရှာဖွေစစ်ဆေးရမည်။ တားမြစ်ပိတ်ပင်ထားသော ပစ္စည်းတစ်စုံတစ်ရာနှင့် လက်နက်များတွေ့ရှိက သိမ်းဆည်းရမည်။

(ခ) အကျဉ်းသားတစ်ဦးတစ်ယောက် ပိုင်ဆိုင်သည့် ငွေကြေးအားလုံး သို့မဟုတ် အခြားဝတ္ထုပစ္စည်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာတရားရုံးက အမိန့်တစ်စုံတစ်ရာ ချမှတ်ထားခြင်းမရှိလျှင်၊ ထို့အပြင် အကျဉ်းသားက အကျဉ်းထောင်သို့ ယူဆောင်လာခြင်းသည် အခွင့်အာဏာနှင့်အညီ ဖြစ်လျှင် သို့မဟုတ် အကျဉ်းသားများအသုံးပြုရန်အတွက် အကျဉ်းထောင်သို့ပေးပို့ခြင်းဖြစ်လျှင် သက်ဆိုင်ရာ အကျဉ်းထောင်အရာရှိက တာဝန်ယူ ထိန်းသိမ်းပေးရမည်။

(ဂ) အကျဉ်းသားတိုင်းကို လက်ခံမှတ်ပုံတင်ပြီးလျှင် ကျန်းမာရေးဝန်ထမ်းက စစ်ဆေးရမည်။ အကျဉ်းသား၏ ကျန်းမာရေးအခြေအနေ၊ အကျဉ်းသား၏ ခန္ဓာကိုယ်တွင်ရှိသော ဒဏ်ရာဒဏ်ချက်များ သို့မဟုတ် ယင်းကဲ့သို့သော လက္ခဏာများကို မှတ်တမ်းတင်ထားရမည်။ ယင်းအကျဉ်းသား၏ ကျန်းမာရေးစစ်ဆေးချက် မှတ်တမ်းစာအုပ်ကို သက်ဆိုင်ရာ အကျဉ်းထောင်အရာရှိက သိမ်းဆည်းထားရမည်။

(ဃ) အမျိုးသမီးအကျဉ်းသားများအား ရှာဖွေခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းကို အမျိုးသမီးဝန်ထမ်းနှင့် အမျိုးသမီးကျန်းမာရေးဝန်ထမ်းတို့က ဆောင်ရွက်ရမည်။

၂၃။ အကျဉ်းသားတစ်ဦး သေဆုံးသည့်အခါ တာဝန်ခံအရာရှိသည် သေဆုံးသည့် အကြောင်းရင်းနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းထံမှ စစ်ဆေးအတည်ပြုချက်ရယူ၍ မှတ်တမ်းရေးသွင်းပြီး လိုအပ်ပါက ရဲစခန်းတွင် သေမှုသေခင်းဖွင့်လှစ်ရမည်။ ထို့ပြင် သက်ဆိုင်ရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ သင်္ဂြိုဟ်မှုပြုလုပ်နိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

### အကျဉ်းသားများကို ခွဲခြားထားရှိခြင်း

၂၄။ (က) အမျိုးသားအကျဉ်းသားများသာမက အမျိုးသမီးအကျဉ်းသားများပါ လက်ခံထိန်းသိမ်းထားရှိသည့် အကျဉ်းထောင်တစ်ခုတွင် အမျိုးသမီးအကျဉ်းသားများအား အမျိုးသားအကျဉ်းသားများနှင့် မြင်တွေ့ခြင်း၊ စကားပြောဆိုခြင်းနှင့် အဆက်အသွယ်ပြုလုပ်ခြင်းများ လုံးဝ မပြုလုပ်နိုင်ရန်အလို့ငှာ သီးခြားအဆောက်အဦတွင်သော်လည်းကောင်း၊ အဆောက်အဦတစ်ခုတည်း၌ ဖြစ်ပါက ယင်းအဆောက်အဦ၏ သီးခြားအစိတ်အပိုင်းတွင်သော်လည်းကောင်း ခွဲခြားထားရှိရမည်။

(ခ) လူငယ်အကျဉ်းသားများအား အခြားအကျဉ်းသားများနှင့် ခွဲခြားထားရှိရမည်။

(ဂ) အသက် ၁၆ နှစ် မပြည့်သေးသော ကလေးသူငယ်များကို အကျဉ်းသားအဖြစ် လက်ခံခြင်း မပြုရ။

(ဃ) အချုပ်အကျဉ်းသားများနှင့် ပြစ်ဒဏ်ကျအကျဉ်းသားများကို ခွဲခြားထားရှိရမည်။

(င) ပြစ်ဒဏ်ကျအကျဉ်းသားနှင့် တရားမအကျဉ်းသားများကို ခွဲခြားထားရှိရမည်။

(စ) သေဒဏ်ကျခံရသောအကျဉ်းသားအား အခြားအကျဉ်းသားများနှင့် ခွဲခြားပြီး သီးသန့်အခန်းတွင် ထားရှိရမည်။

၂၅။ ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို မကျော်လွန်စေဘဲ ပြစ်ဒဏ်ကျအကျဉ်းသားများကို စုပေါင်း၍ဖြစ်စေ သို့မဟုတ် သီးသန့်အခန်းများ၌ တစ်ဦးချင်းဖြစ်စေ သို့မဟုတ် နည်းလမ်းနှစ်ရပ်အနက် တစ်ခုဖြင့်ဖြစ်စေ ထားရှိနိုင်သည်။

၂၆။ မည်သည့်အကျဉ်းသားကိုမျှ သက်ဆိုင်ရာဝန်ထမ်းနှင့် ဆက်သွယ်နိုင်ရန် စီစဉ်ထားခြင်းမရှိသော သီးသန့်အခန်းတွင် သီးခြားချုပ်နှောင်မထားရ။ သီးသန့်အခန်းတွင် ထားရှိမည့် အကျဉ်းသားသည် ဝန်ထမ်း၏ အနီးကပ်စောင့်ကြည့်ကြပ်မတ်မှုကို ရရှိရမည်။ သီးသန့်အခန်းအတွင်း ၂၄ နာရီထက်ပို၍ ပြစ်ဒဏ်အရသော်လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်လည်းကောင်း သီးခြားချုပ်နှောင်ထားရှိသော အကျဉ်းသားကို တစ်နေ့တစ်ကြိမ်ကျ ကျန်းမာရေးဝန်ထမ်းနှင့် စစ်ဆေးကြည့်ရှုရမည်။

**အကျဉ်းသားများပြောင်းရွှေ့ခြင်း**

၂၇။ (က) အခြားအကျဉ်းထောင်သို့ ပြောင်းရွှေ့မည့် အကျဉ်းသားများကို မပြောင်းရွှေ့မီ ကျန်းမာရေးဝန်ထမ်းက စစ်ဆေးကြည့်ရှုရမည်။

(ခ) ကျန်းမာရေးဝန်ထမ်း၏ ကျန်းမာရေးစစ်ဆေးချက်နှင့် ပြောင်းရွှေ့ရန်အခြေအနေသင့်ကြောင်း ထောက်ခံချက်မပါရှိဘဲ မည်သည့်အကျဉ်းသားကိုမျှ အကျဉ်းထောင်တစ်ခုမှ အခြားအကျဉ်းထောင်သို့ ပြောင်းရွှေ့ခြင်းမပြုရ။

(ဂ) ကျန်းမာရေးဝန်ထမ်း၏ ဆေးဘက်ဆိုင်ရာအမြင်တွင် အကျဉ်းထောင်တစ်ခုမှ အခြားအကျဉ်းထောင်သို့ ပြောင်းရွှေ့ရန်မသင့်ဟု တင်ပြထားလျှင်ဖြစ်စေ စိုးရိမ်ဖွယ်အခြေအနေပြင်းထန်စွာ ရောဂါခံစားနေရလျှင်ဖြစ်စေ ယင်းသို့ခံစားနေရသော အကျဉ်းသား၏ စိတ်ဆန္ဒနှင့်ဆန့်ကျင်လျက် ပြောင်းရွှေ့ခြင်းမပြုရ။

(ဃ) စခန်းများသို့ ပြောင်းရွှေ့သင့်သော အကျဉ်းသားများတွင်ရှိရမည့် စံနှုန်းသတ်မှတ်ချက်များကို အမိန့်၊ ညွှန်ကြားချက်များဖြင့် လိုအပ်သလို ထုတ်ပြန်ပေးရမည်။

**အကျဉ်းသားများကို လွှတ်ခြင်း**

၂၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် အကျဉ်းသားတစ်ဦးဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ချမှတ်ထားသော ပြစ်ဒဏ်မှ ဆိုင်းငံ့ခွင့် သို့မဟုတ် လျှော့ပေါ့ပြောင်းလဲခွင့် သို့မဟုတ် လွှတ်ငြိမ်းခွင့်ပေးသင့်ကြောင်း တာဝန်ခံအရာရှိ၏ ထောက်ခံတင်ပြချက်အပေါ် ဝန်ကြီးဌာနသို့ တင်ပြနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အကျဉ်းသားတစ်ဦးဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ချမှတ်ထားသော ပြစ်ဒဏ်မှ ဆိုင်းငံ့ခွင့် သို့မဟုတ် လျှော့ပေါ့ပြောင်းလဲခွင့် သို့မဟုတ် ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပေးရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သမ္မတထံ တင်ပြနိုင်သည်။

(ဂ) တာဝန်ခံအရာရှိသည် နိုင်ငံတော်သမ္မတ၏ အမိန့်အရ အကျဉ်းသားအား ချမှတ်ထားသော ပြစ်ဒဏ်မှဆိုင်းငံ့ခွင့် သို့မဟုတ် ပြစ်ဒဏ်လျှော့ပေါ့ပြောင်းလဲခွင့် သို့မဟုတ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် သို့မဟုတ် လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့်အခါဖြစ်စေ၊ ပြစ်ဒဏ်ကျခံရသည့်ကာလ ကုန်ဆုံးသည့်အခါတွင်ဖြစ်စေ အကျဉ်းသားကို လွှတ်ရမည်။

(ဃ) လွတ်ရက်စေ့ရောက်ပြီး နာမကျန်းဖြစ်နေသော မည်သည့်အကျဉ်းသားကိုမဆို ဆိုးရွားသည့် ကျန်းမာရေးအခြေအနေ သို့မဟုတ် အန္တရာယ်ရှိသည့် ကူးစက်ရောဂါ ဖြစ်ပွားမှုကြောင့် ကောင်းမွန်သည်အထိ ဆေးဝါးကုသမှုခံယူရန် လိုအပ်သည်ဟု ကျန်းမာရေးဝန်ထမ်းမှ ထင်မြင်ယူဆလျှင် အကျဉ်းသားအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်လွှဲပြောင်းပေးရမည်။

**တရားရုံးသို့ ရုံးထုတ်ခြင်း**

၂၉။ (က) အကျဉ်းသားတစ်ဦးဦးအား တရားရုံး သို့မဟုတ် အခွင့်အာဏာရသူတစ်ဦးထံသို့ တင်ပို့စေရန် အမိန့်အား ပေးပို့ပါက တည်ဆဲဥပဒေများနှင့်အညီ တာဝန်ခံအရာရှိက စိစစ်၍ထုတ်ပေးရမည်။

(ခ) အကြောင်းကိစ္စတစ်ခုခုကြောင့် တရားရုံးသို့ ရုံးထုတ်ပေးနိုင်ခြင်းမရှိပါက သက်ဆိုင်ရာတရားရုံးသို့ မည်သည့်အကြောင်းကြောင့် ရုံးထုတ်ပေးနိုင်ခြင်းမရှိကြောင်း တာဝန်ခံအရာရှိက ပြန်လည်အကြောင်းကြားရမည်။

(ဂ) တရားရုံးသို့ ရုံးထုတ်ရေးအတွက် လုံခြုံရေးအထူးလိုအပ်ချက်ရှိသော အကျဉ်းသားဖြစ်ပါက တာဝန်ခံအရာရှိသည် ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြဆောင်ရွက်ရမည်။

**အကျဉ်းသားများနှင့် တွေ့ဆုံခြင်း**

၃၀။ အကျဉ်းထောင်တိုင်းတွင် အကျဉ်းသားများကို ထောင်ဝင်စာဧည့်သည်များ၊ တရားဝင်ဧည့်သည်များနှင့် တွေ့ဆုံနိုင်ရန်အချိန်နှင့် စည်းကမ်းချက်များ သတ်မှတ်စီစဉ်ပေးရမည်။

၃၁။ သက်ဆိုင်ရာအကျဉ်းထောင်အရာရှိသည် -

(က) အကျဉ်းသားတစ်ဦးနှင့်တွေ့ဆုံရန် လာရောက်သည့် မည်သူကိုမဆို အမည်၊ နေရပ်လိပ်စာနှင့် သတ်မှတ်ထားသော စာရွက်စာတမ်းများကို တောင်းခံနိုင်သည်။ အကယ်၍ သံသယတစ်စုံတစ်ရာရှိပါက မိမိကိုယ်တိုင်ဖြစ်စေ၊ လက်အောက်ဝန်ထမ်းတစ်ဦးဦးကို တာဝန်ပေး၍ဖြစ်စေ ထိုလာရောက်တွေ့ဆုံသူအား ရှာဖွေစစ်ဆေးရမည်။ ယင်းသို့ ရှာဖွေစစ်ဆေးခြင်းကို အကျဉ်းသားတစ်ဦးတစ်ယောက် သို့မဟုတ် အခြားလာရောက်တွေ့ဆုံသူ တစ်ဦးတစ်ယောက်၏ ရှေ့မှောက်တွင် မပြုလုပ်ရ။

(ခ) အကယ်၍ ယင်းသို့ ရှာဖွေစစ်ဆေးခြင်းကို လက်မခံနိုင်ကြောင်း ငြင်းဆိုသော လာရောက်တွေ့ဆုံသည့် မည်သူကိုမဆို ထိုသို့တွေ့ဆုံခြင်းကို ငြင်းဆိုနိုင်သည်။ ထိုသို့ ငြင်းဆိုခြင်းနှင့် ပတ်သက်၍ သတ်မှတ်ထားသော မှတ်တမ်းစာအုပ်တွင် အကျိုးအကြောင်း ပြည့်စုံစွာ ရေးသွင်းရမည်။

၃၂။ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေနိုင်သော မည်သည့်ထောင်ဝင်စာဧည့်သည်များကိုမဆို တွေ့ဆုံခွင့်မပြုရ။

၃၃။ အကျဉ်းသားတစ်ဦးအား တရားရုံးသို့ ထုတ်ယူစစ်ဆေးရန် မသင့်လျော်သည့်အခြေအနေတွင် သက်ဆိုင်ရာတရားရုံးသည် အကျဉ်းထောင်သို့ တရားသူကြီးတစ်ဦးဖြင့်ဖြစ်စေ၊ တရားစီရင်ရေးအဖွဲ့ဖြင့်ဖြစ်စေ စေလွှတ်စစ်ဆေးမည်ဆိုပါက တာဝန်ခံအရာရှိသည် စိစစ်၍ ခွင့်ပြုရမည်။

၃၄။ ဤဥပဒေနှင့် ဤဥပဒေအရပြုသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများပါ ပြဋ္ဌာန်း သတ်မှတ်ချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အကျဉ်းသားများနှင့် ယင်းတို့၏ရှေ့နေများ အမှုကိစ္စဆွေးနွေးရာ၌ သတ်မှတ်နေရာတွင် လွတ်လပ်စွာ တွေ့ဆုံခွင့်ပြုနိုင်သည်။

၃၅။ အဖွဲ့အစည်းတစ်ရပ်ရပ်မှဖြစ်စေ၊ အလှူရှင်တစ်ဦးဦးမှဖြစ်စေ အကျဉ်းသားများအတွက် အစားအသောက်များလှူဒါန်းခြင်း သို့မဟုတ် အသုံးအဆောင်များ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လိုကြောင်း တင်ပြလာပါက စိစစ်ခွင့်ပြုနိုင်သည်။

**ပြစ်ဒဏ်ကျအကျဉ်းသားများအား အလုပ်တာဝန်ချထားခြင်း**

၃၆။ (က) ပြစ်ဒဏ်ကျအကျဉ်းသားများအား တစ်ရက်လျှင် အလုပ်ချိန် ရှစ်နာရီထက်ကျော်လွန်၍ ခိုင်းစေခြင်း မပြုရ။

(ခ) ကျန်းမာရေးဝန်ထမ်းသည် အကျဉ်းသားများ၏ လုပ်ငန်းခွင်သို့ မကြာခဏ သွားရောက်စစ်ဆေးကြည့်ရှုရမည်။

(ဂ) လက်ရှိလုပ်ကိုင်နေသော အလုပ်ကြောင့် မကျန်းမမာဖြစ်ရသည့် အကျဉ်းသားဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်းက မှတ်ချက်ပြုပါက အခြားသင့်လျော်သော အလုပ်အကိုင်အမျိုးအစားသို့ ပြောင်းရွှေ့ချထားနိုင်သည်။

၃၇။ တာဝန်ခံအရာရှိသည် -

(က) အကျဉ်းထောင်များတွင် ဝင်ငွေရသည့် လုပ်ငန်းများ၌ လုပ်ကိုင်နေသော အကျဉ်းသားများကို သတ်မှတ်ထားသည့် လုပ်အားခပေးရမည်။

(ခ) အလုပ် လုပ်ကိုင်နေစဉ်အတွင်း အကျဉ်းသားများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ကရုဏာကြေးများ ခံစားခွင့်ရရှိရေးကို ဆောင်ရွက်ပေးရမည်။

**ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ရုပ်သိမ်းခြင်း**

၃၈။ (က) ပြစ်ဒဏ်ကျအကျဉ်းသား မည်သူကိုမဆို ယင်းကျခံရသည့် ပြစ်ဒဏ်၏ အစိတ်အပိုင်းတစ်ခုကို နိုင်ငံတော်အတွင်း သတ်မှတ်နေရာတစ်ခုခု၌ နေထိုင်ရန် စည်းကမ်းများသတ်မှတ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

(ခ) ခွင့်ပြုမိန့်ရရှိသည့် ပြစ်ဒဏ်ကျအကျဉ်းသားအား ခွင့်ပြုမိန့်ကို ရုပ်သိမ်း၍ ပြစ်ဒဏ်ပြန်လည်ကျခံစေသော အမိန့်မရမချင်း မူလပြစ်မှုနှင့်စပ်လျဉ်း၍ မည်သူမျှ ဖမ်းဆီးထိန်းသိမ်းခြင်း မပြုရ။

(ဂ) ခွင့်ပြုမိန့်ကို ရုပ်သိမ်းရန် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အကျဉ်းဦးစီးဌာနသို့ ခွင့်ပြုမိန့်ရုပ်သိမ်းကြောင်း အကြောင်း ကြားရမည်။

**တရားမအကျဉ်းသားနှင့် အချုပ်အကျဉ်းသား**

၃၉။ တရားမအကျဉ်းသားနှင့် အချုပ်အကျဉ်းသားများသည် ညွှန်ကြားချက်နှင့်အညီ တာဝန်ခံအရာရှိက စိစစ်ခွင့်ပြုပေးသော အစားအစာနှင့် အဝတ်အထည်များကို ခွင့်ပြုထားသော အချိန်များတွင် ပြင်ပမှ သွင်းယူခြင်း သို့မဟုတ် ဝယ်ယူခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။

၄၀။ တရားမအကျဉ်းသားနှင့် အချုပ်အကျဉ်းသားများသည် အထက်ပါကိုယ်ပိုင်အစားအစာနှင့် အဝတ်အထည်ပစ္စည်း မည်သည့်အစိတ်အပိုင်းမျှ မည်သည့်အကျဉ်းသားတစ်စုံတစ်ဦးကိုမျှ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း မပြုလုပ်ရ။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ပြင်ပမှ အစားအသောက် ဝယ်ယူစားသုံးခွင့် သို့မဟုတ် လက်ခံရယူခွင့် အခွင့်အရေးများကို တာဝန်ခံအရာရှိမှ သင့်လျော်သည့် ကာလ သတ်မှတ်ချက်တစ်ခုအထိ ပြန်လည်ရုပ်သိမ်းနိုင်သည်။

၄၁။ အဝတ်အထည်၊ အိပ်ရာပစ္စည်းနှင့် အစားအစာများ ထောက်ပံ့ခြင်းနှင့်ပတ်သက်၍ တာဝန်ခံအရာရှိသည် -

(က) မိမိအစီအစဉ်ဖြင့် မတတ်နိုင်သည့် အကျဉ်းသားများကို ဆောင်ရွက်ပေးရမည်။

(ခ) တရားရုံး၏ ဒီကရီအမိန့်ကို အတည်ပြုရန် ပုဂ္ဂလိကဆိုင်ရာ တရားမအကျဉ်းသားအား အကျဉ်းထောင်သို့ ပို့အပ်လက်ခံရရှိပြီးနောက် အကျဉ်းသားအား ထုတ်ပေးရသည့် အဝတ်အထည်၊ အိပ်ရာပစ္စည်းများနှင့် အစားအစာများ၏ တန်ဖိုးကို ပေးချေရန် တောင်းဆိုသည်ကို တရားနိုင် (အနိုင်ဒီကရီရသူ) သို့မဟုတ် ယင်း၏ကိုယ်စားလှယ်သည် ငွေတောင်းခံလွှာရသည့်အချိန်မှစ၍ ၄၈ နာရီအတွင်း တာဝန်ခံအရာရှိထံ ပေးသွင်းရမည်ဖြစ်ပြီး ပျက်ကွက်ပါက ယင်းအကျဉ်းသားကို လွှတ်ပေးနိုင်သည်။

**အကျဉ်းသားများ၏ ခံစားခွင့်များ**

၄၂။ အကျဉ်းသားများသည်-

(က) ကျန်းမာရေး၊ နေထိုင်စားသောက်ရေးနှင့် အခြားထူးခြားသည့် အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဥပဒေနှင့် နည်းဥပဒေများအရ အကျဉ်းသား၏ အခွင့်အရေးတစ်ရပ်ရပ် နစ်နာမှုနှင့်စပ်လျဉ်း၍လည်းကောင်း တာဝန်ခံအရာရှိထံ ကိုယ်တိုင် တင်ပြနိုင်သည်။

(ခ) ယုံကြည်သော ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိရမည်။

(ဂ) လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှု၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခံရခြင်း မရှိစေရ။

(ဃ) နည်းဥပဒေနှင့်အညီ လျှော့ရက် ခံစားခွင့်ရှိရမည်။

## အခန်း (၄)
## အကျဉ်းထောင်ပြစ်မှုများ

၄၃။ မည်သည့်အကျဉ်းသားမျှ အောက်ဖော်ပြပါ အကျဉ်းထောင်ပြစ်မှုများအား ကျူးလွန်ခြင်း မပြုရ -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု မရှိခြင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်း။

(ခ) ထောင်ဝင်စာ၊ ထောင်ဝင်စာဧည့်သည်၊ တရားဝင်ဧည့်သည်များနှင့် တွေ့ဆုံနိုင်ရန် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း။

(ဂ) ရိုက်နှက်ထိုးပုတ်ခြင်း သို့မဟုတ် ရာဇဝတ်မကင်းသော အင်အားအသုံးပြုခြင်း။

(ဃ) သူတစ်ပါးစိတ်ကို နာကျင်ထိခိုက်စေသော သို့မဟုတ် ခြိမ်းခြောက်သောစကားကို ပြောဆိုခြင်း။

(င) ကိုယ်ကျင့်တရားကင်းမဲ့သော၊ ယုတ်မာသော၊ မဖွယ်မရာစည်းကမ်းမဲ့သော အပြုအမူများကို ပြုမူခြင်း။

(စ) အလုပ်တစ်စုံတစ်ရာ မလုပ်ကိုင်နိုင်ရန် မိမိကိုယ်မိမိ ထိခိုက်နာကျင်စေရန် ပြုမူဆောင်ရွက်ခြင်း။

(ဆ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အလုပ်လုပ်ရန် အမြဲတစေ ငြင်းဆန်ခြင်း။

(ဇ) တာဝန်ခံအရာရှိ၏ အမိန့်မရရှိဘဲ သံခြေချင်းများ၊ လက်ထိပ်များကို တိုက်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြုပြင်ခြင်းနှင့် ချွတ်ထုတ်ခြင်း။

(ဈ) အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခံရသော အကျဉ်းသားသည် အလုပ်၌ တရားမဲ့ ပျင်းရိခြင်း၊ ပေါ့လျော့ခြင်း၊ လွဲမှားစွာ စီမံဆောင်ရွက်ခြင်း။

(ည) အကျဉ်းထောင်ပစ္စည်းများကို ဖျက်ဆီးခြင်း။

(ဋ) အကျဉ်းသားကိုယ်ရေးမှတ်တမ်းများ၊ မှတ်ပုံတင်စာအုပ်များ သို့မဟုတ် အထောက်အထား စာရွက်စာတမ်းများကို ခွင့်ပြုချက်မရှိဘဲ ပြုပြင်ပြောင်းလဲခြင်းနှင့် ဖျက်ဆီးခြင်း။

(ဌ) ကျန်းမာရေးမကောင်းကြောင်း ဟန်ဆောင်ခြင်း။

(ဍ) ဝန်ထမ်းကိုဖြစ်စေ၊ အကျဉ်းသားကိုဖြစ်စေ မမှန်မကန် စွပ်စွဲပြောဆိုခြင်း။

(ဎ) မည်သူ့ကိုမဆို ထိခိုက်နာကျင်အောင် ပြုလုပ်ခြင်း၊ ပြုလုပ်ရန် ကြံစည်ခြင်း၊ အားပေးကူညီခြင်း။

(ဏ) ဖော်ပြပါပြစ်မှုများကိုဖြစ်စေ၊ အခြားပြစ်မှုတစ်စုံတစ်ရာကိုဖြစ်စေ ကျူးလွန်ခြင်း၊ ကျူးလွန်ရန် ကြံစည်ကြိုးစားခြင်းတို့ကို သိလျှင်သိချင်း သတင်းပို့ရန် ပျက်ကွက်ခြင်း သို့မဟုတ် သိရှိရန် လုံလောက်သောအကြောင်းရှိလျက် တမင်ငြင်းကွယ်ခြင်း။

၄၄။ (က) ပုဒ်မ ၄၃ ပါ အကျဉ်းထောင်ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည့် မည်သည့် အကျဉ်းသားကိုမဆို တာဝန်ခံအရာရှိသည် စစ်ဆေး၍ အောက်ဖော်ပြပါ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) တရားဝင်သတိပေးခြင်း။

(၂) မူလအလုပ်မှ ယင်းထက်ပိုမိုပြင်းထန်သောအလုပ်သို့ အချိန်ကာလသတ်မှတ်၍ ပြောင်းလဲ ချထားစေခြင်း။

(၃) အလုပ်မဲ့ပြစ်ဒဏ်ကျအကျဉ်းသားအား ခုနစ်ရက်ထက် မပိုသော အလုပ်ခိုင်းစေခြင်း။

(၄) လျှော့ရက်အခွင့်အရေးများကို ကာလအတိုင်းအတာတစ်ခုအထိ ဆုံးရှုံးစေခြင်း။

(၅) ကာလအတိုင်းအတာတစ်ခုအထိ လက်ထိပ် သို့မဟုတ် သံခြေချင်းခတ်ခြင်း စသည်တို့ဖြင့် ပြစ်ဒဏ်ပေးခြင်း။

(၆) တစ်ဆယ့်လေးရက်ထက်မပိုသော သီးသန့်အခန်းပိတ်ပြစ်ဒဏ် ချမှတ်ခြင်း။

(၇) သုံးလထက်မပိုသောကာလအထိ သီးခြားခွဲ၍ထားရှိခြင်း။

(၈) ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်အရ တစ်ဆယ့်လေးရက်ထက်ပိုသော သီးသန့်အခန်းပိတ် ပြစ်ဒဏ်ချမှတ်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံအရာရှိ ချမှတ်သော ပြစ်ဒဏ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နစ်နာသည်ဟု ယူဆသော အကျဉ်းသားတစ်ဦးဦးသည် ညွှန်ကြားရေးမှူးချုပ်ထံ အယူခံတင်ပြခွင့်ရှိစေရမည်။ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

### ပြစ်မှုများ

၄၅။ မည်သူမဆို ဥပဒေအရ တားမြစ်ပိတ်ပင်ထားသော မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို အကျဉ်းထောင် အတွင်းသို့ သွင်းယူခြင်း သို့မဟုတ် အကျဉ်းထောင်ပြင်ပသို့ ထုတ်ယူခြင်း သို့မဟုတ် ဤကဲ့သို့ပြုလုပ်ရန် ကြံစည်ကြိုးစားခြင်း သို့မဟုတ် အားပေးကူညီခြင်း မပြုလုပ်ရ။

၄၆။ မည်သူမဆို ဥပဒေအရ တားမြစ်ပိတ်ပင်ထားသော မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို အကျဉ်းထောင် နယ်နိမိတ်ပြင်ပ၌ အကျဉ်းသားကို ပေးခြင်း၊ ပေးရန်ကြံစည်ကြိုးပမ်းခြင်း၊ အားပေးကူညီခြင်း မပြုလုပ်ရ။

၄၇။ မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်လျက် အကျဉ်းသားတစ်ဦးတစ်ယောက်နှင့် ဆက်သွယ်ခြင်း သို့မဟုတ် ဆက်သွယ်ရန် ကြံစည်ကြိုးပမ်းခြင်း မပြုလုပ်ရ။

၄၈။ မည်သည့်အကျဉ်းထောင်ဝန်ထမ်းမဆို ပုဒ်မ ၄၅၊ ၄၆ နှင့် ၄၇ ပါ ပြဋ္ဌာန်းချက်များအား ဖောက်ဖျက် ကျူးလွန်ကြောင်း တွေ့ရှိပါက သတင်းပို့အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၉။ အကျဉ်းသားများသည် မည်သည့်အခြေအနေနှင့် မည်သည့်အချိန်အခါတွင်မဆို ဆူပူအုံကြွခြင်း၊ ထကြွသောင်းကျန်းခြင်း၊ ထွက်ပြေးခြင်း၊ အကျဉ်းထောင်အဆောက်အဦနှင့် ပစ္စည်းများအား လူစုလူဝေးဖြင့် ဖျက်ဆီးခြင်း၊ ယင်းပြစ်မှုများအား ကျူးလွန်ရန် ကြံစည်ခြင်း၊ ကြိုးပမ်းအားထုတ်ခြင်း၊ အားပေးကူညီခြင်း မပြုလုပ်ရ။

၅၀။ မည်သည့်အကျဉ်းထောင်ဝန်ထမ်းမဆို အောက်ဖော်ပြပါပြစ်မှုများအား ကျူးလွန်ခြင်း မပြုလုပ်ရ-

(က) ပေးအပ်သောတာဝန်ကိုထမ်းဆောင်ရန် ပျက်ကွက်ခြင်း။

(ခ) ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းကမ်းကိုသိလျက်နှင့် တမင်ချိုးဖောက်ခြင်း။

(ဂ) ခွင့်ပြုချက်မရဘဲ လုပ်ငန်းတာဝန်မှစွန့်ခွာခြင်း။

(ဃ) မိမိလိုလားချက်ကို နှစ်လကြိုတင်၍ စာဖြင့်ရေးသားတင်ပြခြင်းမရှိဘဲ တာဝန်ကျနေရာမှ ထွက်ခွာသွားခြင်း။

(င) ခွင့်ပြုထားသည့် ခွင့်ရက်ထက် ကျော်လွန်၍ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ သိလျက်နှင့် တမင်ပျက်ကွက်ခြင်း။

(စ) အကျဉ်းထောင်တာဝန်မှအပ အခြားလုပ်ငန်းတစ်ခုခုတွင် ခွင့်ပြုချက်မရဘဲ ဝင်ရောက်လုပ်ကိုင်ခြင်း။

(ဆ) တာဝန်ထမ်းဆောင်ရာတွင် သူရဲဘောနည်းခြင်း။

(ဇ) အကျဉ်းသားအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ အကြင်နာမဲ့စွာရက်စက်ခြင်း၊ လူမဆန်စွာ သို့မဟုတ် ယုတ်ညံ့စွာ ပြုမူဆက်ဆံခြင်း။

(ဈ) အကျဉ်းသားတစ်ဦးဦး၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်ကို တမင်ပိတ်ပင်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်ခြင်း။

၅၁။ မည်သည့်အကျဉ်းထောင်ဝန်ထမ်းမဆို သို့မဟုတ် ၎င်းနှင့်ဆက်စပ်သည့် မည်သည့်ပုဂ္ဂိုလ်မဆို ခွင့်ပြုမိန့်မရှိဘဲ အကျဉ်းထောင်အတွင်းတွင် မိမိတို့၏ အကျိုးစီးပွားအတွက် အကျဉ်းသားများနှင့် ဆက်သွယ်၍ ပစ္စည်းတစ်စုံတစ်ရာကို ရောင်းချခြင်း၊ ရောင်းချခွင့်ပြုခြင်း၊ ငှားရမ်းခြင်း၊ ငွေကြေးရယူခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများနှင့် ဆက်သွယ်ခြင်းတို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆောင်ရွက်ခြင်း မပြုလုပ်ရ။

၅၂။ မည်သည့်အကျဉ်းထောင်ဝန်ထမ်းမဆို သို့မဟုတ် ၎င်းနှင့်ဆက်စပ်သည့် မည်သည့်ပုဂ္ဂိုလ်မဆို အကျဉ်းထောင်အတွင်းသို့ ပစ္စည်းများပေးသွင်းသော ကိုယ်စားလှယ်များနှင့် မိမိအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း ငွေကြေးအကျိုးစီးပွားအတွက် အကျိုးအမြတ် တစ်စုံတစ်ရာရရှိစေရန် ဆောင်ရွက်ခြင်း မပြုလုပ်ရ။

**ပြစ်ဒဏ်များ**

၅၃။ မည်သည့်အကျဉ်းသားမဆို ပုဒ်မ ၄၃ ပါ ပြစ်မှုများကို နည်းမျိုးစုံဖြင့် မကြာခဏ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသောထောင်ဒဏ် ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၅၊ ၄၆၊ ၄၇ နှင့် ၄၈ ပါ ပြစ်မှုများအား ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သည့်အကျဉ်းသားမဆို ပုဒ်မ ၄၉ ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၆။ မည်သည့်အကျဉ်းထောင်ဝန်ထမ်းမဆို ပုဒ်မ ၅၀ ပါ ပြစ်မှုများအား ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ မည်သည့်အကျဉ်းထောင်ဝန်ထမ်းမဆို ပုဒ်မ ၅၁ နှင့် ၅၂ ပါ ပြစ်မှုများအား ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၆)
## အထွေထွေ

၅၈။ အကျဉ်းထောင်အရာရှိတစ်ဦးဦး၏မျက်မှောက်တွင် ပုဒ်မ ၄၅၊ ၄၆ နှင့် ၄၇ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူ မည်သူကိုမဆို၊ ထို့အပြင် ကျူးလွန်သူနှင့်ပတ်သက်နေသော မည်သူကိုမဆို ယင်း၏အမည်၊ နေရပ်လိပ်စာအား အကျဉ်းထောင်အရာရှိတစ်ဦးဦးမှ မေးမြန်းသည်ကို ဖြေကြားရန် ငြင်းဆိုလျှင် သို့မဟုတ် ယင်း၏အမည်နှင့် နေရပ်လိပ်စာအား လိမ်လည်ပြောဆိုသည်ဟု သိရှိလျှင် သို့မဟုတ် မမှန်မကန်ပြောဆို သည်ဟု ယုံကြည်လောက်သော အကြောင်းရှိလျှင် ယင်းအား အကျဉ်းထောင်အရာရှိက ဝရမ်းမပါဘဲ ဖမ်းဆီး ခြင်း သို့မဟုတ် ဖမ်းဆီးစေခြင်းပြုနိုင်သည်။ ယင်းသို့ ဖမ်းဆီးပြီးလျှင် ရဲအရာရှိတစ်ဦးဦးထံ ဆောလျင်စွာ လွှဲအပ်ရမည်။ ထိုရဲအရာရှိသည် ယင်းကိစ္စကို မိမိမျက်မှောက်တွင် ဖြစ်ပွားသကဲ့သို့ မှတ်ယူ၍ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

၅၉။ တာဝန်ခံအရာရှိသည် ဤဥပဒေပုဒ်မ ၄၃ ပါ ပြစ်မှုများကို နည်းမျိုးစုံဖြင့် မကြာခဏ ကျူးလွန်သော အကျဉ်းသားအား မိမိချမှတ်သည့်ပြစ်ဒဏ်ဖြင့် လုံလောက်ခြင်းမရှိဟု ယူဆပါက တရားစွဲဆိုရမည်။

၆၀။ အကျဉ်းသားတစ်ဦးတစ်ယောက်အား တရားဥပဒေနှင့်အညီ ထိန်းသိမ်းထားရန် သတ်မှတ်ထားသည့် အကျဉ်းထောင်တစ်ခုမှ ထုတ်ယူခြင်း သို့မဟုတ် အကျဉ်းထောင်တစ်ခုသို့ ပို့ဆောင်ခြင်း ပြုလုပ်စဉ်တွင်သော် လည်းကောင်း၊ အကျဉ်းထောင်ပြင်ပ၌ သို့မဟုတ် အကျဉ်းထောင်နယ်နိမိတ်ပြင်ပ၌ အလုပ်လုပ်နေစဉ်တွင် သော်လည်းကောင်း၊ အကျဉ်းထောင်ဝန်ထမ်းတစ်ဦး၏ ကြီးကြပ်ကွပ်ကဲမှုအောက် သို့မဟုတ် ဥပဒေနှင့် အညီ ထိန်းသိမ်းမှုအောက်၌ စေခိုင်းသောအခါတွင်သော်လည်းကောင်း ဖြစ်ပွားသည့်ကိစ္စအဝဝတို့သည် ယင်းအကျဉ်းသား အကျဉ်းထောင်အတွင်းရှိနေစဉ် ဖြစ်ပျက်သကဲ့သို့ မှတ်ယူဆောင်ရွက်ရမည်။

၆၁။ အကျဉ်းထောင်၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် အကျဉ်းထောင်ဝန်ထမ်းအား အကူအညီပေးရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီ၍ တာဝန်ပေးအပ်ခြင်းခံရသည့် အကျဉ်းသားများအား ဤဥပဒေအရ ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၆၂။ ဤဥပဒေနှင့် ဤဥပဒေအရပြုသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများပါ အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော အကျဉ်းထောင် ဝန်ထမ်း များအပါအဝင် ပြည်သူ့ဝန်ထမ်းများအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့် မရှိစေရ။

၆၃။ နိုင်ငံတော်အစိုးရမှ ခွင့်ပြုသတ်မှတ်ပေးထားသော အကျဉ်းထောင်မှ အသုံးပြုသည့် မြေနှင့်အခြား သော သဘာဝအရင်းအမြစ် ထွက်ရှိရာနေရာများသည် တားမြစ်ကန့်သတ်နယ်မြေ ဖြစ်စေရမည်။

၆၄။ အကျဉ်းထောင်နှင့် အကျဉ်းထောင်လုပ်ငန်းများအတွက် ဝင်ငွေခွန်နှင့် အခြားအခွန်အခများ ပေးဆောင်ခြင်းအား ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆၅။ အကျဉ်းထောင်သို့ ပြစ်ဒဏ်ကျအကျဉ်းသားပေးပို့ရာတွင် ယင်းအကျဉ်းသားအား ချမှတ်သည့် ပြစ်မှု၏ ဖြစ်စဉ်အကျဉ်းကို ထောင်ချမိန့်နှင့်အတူ ပြစ်ဒဏ်ချမှတ်သောတရားရုံးနှင့် ပြစ်ဒဏ်ချမှတ်ရန် အခွင့်အာဏာ ရရှိသူတို့က ရေးသားပေးပို့ရမည်။

၆၆။ ဤဥပဒေအရ အရေးယူသောအမှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၇။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် The Prisons Act, 1894၊ The Prisoners Act, 1900 နှင့် The Identification of Prisoners Act တို့အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၉။ အောက်ဖော်ပြပါ ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Prisons Act,1894၊

(ခ) The Prisoners Act,1900၊

(ဂ) The Identification of Prisoners Act,1920။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၈ ရက် )

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ လားရှိုးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်အေးသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၃၊ နည်းဥပဒေခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) အရ ၎င်းရက်မှစ၍ ရှမ်းပြည်နယ်၊ လားရှိုးမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၅

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက် )

### ဦးစီးအရာရှိရာထူး ခန့်ထားခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၂၁/၁၄၃ - ပြောင်းရွှေ့/ အဖရ (၂၀၁၅) ဖြင့် ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော စက်မှုဝန်ကြီးဌာန၊ အထည်အလိပ် လုပ်ငန်း၊ အမှတ် (၃) အထည်စက်ရုံ၊ ဝါစိုက်ကွင်း (စစ်ကိုင်း) မှ လက်ထောက်မန်နေဂျာ ဒေါ်ခင်ရတနာအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး**တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၅

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

### အမှုထမ်းသက်ဖြည့်စွက်ခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သက်ချိုအား မိသားစု ပင်စင်ခံစားခွင့်ရှိသော အမှုထမ်းသက် (၃၃) နှစ် ပြည့်မီရန် လိုအပ်သည့် ချို့တဲ့ကာလ ၈ လ ၁၀ ရက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ မြန်မာပြည်ထပ်ဆင့်ထုတ် မြို့ပြဝန်ထမ်း စည်းမျဉ်းဥပဒေ ၁၆၉၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၄၄ (က) (ခ) တို့နှင့်အညီ ပင်စင်အကျိုးငှာ ဖြည့်စွက် ရေတွက်ခွင့်ပြုလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၇/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

**၈၈ မျိုးဆက်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးလမ်းမကြီး၊ အမှတ် (၁၃၃) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **၈၈ မျိုးဆက်ဒီမိုကရေစီပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**၈၈ မျိုးဆက်ဒီမိုကရေစီပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၇) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၈/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

**စည်းလုံးညီညွတ်သောကရင်အမျိုးသားဒီမိုကရက်တစ်ပါတီအား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရတနာဒီပ အမှတ် (၉) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **စည်းလုံးညီညွတ်သောကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**စည်းလုံးညီညွတ်သောကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၈) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၅

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

### လက်ထောက်ညွှန်ကြားရေးမှူးရာထူး ခန့်ထားခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၁/၁၃၄ - ခန့်ထား/ အဖရ (၂၀၁၅) ဖြင့် ခန့်ထားခွင့်ပြုသည့် တပ်မတော်အငြိမ်းစားအရာရှိ ဗိုလ်မှူးချမ်းငြိမ်းအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၇၀၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် )

### နိဒါန်း

ပြည်ထဲရေးဝန်ကြီးဌာနသည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ဆိုသည်။

(ခ) **မှတ်ပုံတင်သက်တမ်း**ဆိုသည်မှာ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့မှ ပြက္ခဒိန်နှစ် ပထမ ၆ လ အတွင်း မှတ်ပုံတင်ခွင့်ပြုသော အသင်းအဖွဲ့များအား ယင်းနှစ်မှစတင်၍ သက်တမ်းကာလ ၅ နှစ် သတ်မှတ်ပြီး ဒုတိယ ၆ လအတွင်း မှတ်ပုံတင်ခွင့်ပြုသော အသင်းအဖွဲ့များအား လာမည့် ပြက္ခဒိန်နှစ်မှစ၍ မှတ်ပုံတင်သက်တမ်းကာလ ၅ နှစ်ကို ဆိုသည်။

(ရှင်းလင်းချက် - ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးမှ မှတ်ပုံတင်ခွင့်ပြုသောအသင်းများအား ဒုတိယ ၆ လအတွင်း ပါဝင်သဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ အထိ ခွင့်ပြုခြင်းဖြစ်သည်။)

(ဂ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေအရ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ထားသော ပုံစံတစ်မျိုးမျိုးကို ဆိုသည်။

(ဃ) **လျှောက်ထားသည့်နေ့**ဆိုသည်မှာ သက်ဆိုင်ရာပြက္ခဒိန်နှစ်အတွင်း အသင်းအဖွဲ့များမှ မှတ်ပုံတင်ရန်အလို့ငှာ အချက်အလက်များ ပြီးပြည့်စုံစွာဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်လွှာတင်သွင်းပြီး သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ရုံးမှ မှတ်ပုံတင်လျှောက်လွှာ လက်ခံရရှိကြောင်း ပုံစံ ၅ အား ထုတ်ပေးသည့်နေ့ကို ဆိုသည်။

(င) **အသင်းအဖွဲ့ပိုင်ပစ္စည်း**ဆိုသည်မှာ အသင်းအဖွဲ့ပိုင် ငွေကြေး၊ ရန်ပုံငွေ၊ ကြွေးမြီ၊ ကတိခံဝန်ချုပ်လက်မှတ်၊ စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များနှင့် အသင်းအဖွဲ့ပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကို ဆိုသည်။

(စ) **ငွေစာရင်းရှင်းတမ်း**ဆိုသည်မှာ မှတ်ပုံတင်ထားသော အသင်းအဖွဲ့၏ အကျိုးအမြတ်မယူသော မတည်ငွေ၊ တည်ဆဲဥပဒေနှင့်အညီ ပြည်တွင်း သို့မဟုတ် ပြည်ပမှလှူဒါန်းငွေများအား မိမိအသင်းအဖွဲ့၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ လက်ခံရရှိခြင်းနှင့် သုံးစွဲခြင်းတို့အား မိမိအသင်းအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စာရင်းစစ်ဆေး၍ စနစ်တကျစာရင်းရေးသွင်းထားသော ရှင်းတမ်းကို ဆိုသည်။

(ဆ) **ယာယီမှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ အသင်းအဖွဲ့များမှ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်ခွင့် လျှောက်ထားစဉ်ကာလအတွင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ဥပဒေနှင့်အညီ ယာယီထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဇ) **တာဝန်ခံပုဂ္ဂိုလ်**ဆိုသည်မှာ ဤဥပဒေပါ မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ မှတ်ပုံတင်လျှောက်ထားလိုသော ပြည်တွင်းအသင်းအဖွဲ့တစ်ခုခုက တရားဝင်ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော အမှုဆောင်တစ်ဦးဦးကိုသော်လည်းကောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့က တရားဝင်ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း ဆိုသည်။

## အခန်း (၂)
## မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ

၃။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းတို့အား ဆောင်ရွက်နိုင်ရန်အတွက် မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) **ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်း ရှိ၊ မရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် မှတ်ပုံတင်ကြေး ကျပ်တစ်သိန်းအား ခွင့်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပေးသွင်းစေပြီး မှတ်ပုံတင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့် မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြု အမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက လိုအပ်သလို စိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့် ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှုမရှိစေရေး စိစစ်ခြင်း၊

(၇) မှတ်ပုံတင်ခြင်းမပြုရသေးသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ဖွဲ့သည် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသသို့ လူမှုကူညီရေးလုပ်ငန်းများ အရေးပေါ်သွားရောက်ဆောင်ရွက်လိုကြောင်း လျှောက်ထားလာပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ဆောလျင်စွာထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းနှင့် အနီးစပ်ဆုံး အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူခြင်း၊

(၈) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ် တစ်ကြိမ် တင်ပြခြင်း ရှိ မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(၁၁) အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များမှ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ယာယီမှတ်ပုံတင်လက်မှတ်များကို ဥပဒေနှင့်အညီ ထုတ်ပေးရာတွင် ရှင်းလင်းလွယ်ကူစေရန် မှတ်ပုံတင်ခွင့်ပြုသည့် လက်မှတ်ပုံစံနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(၁၂) အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအား ကြီးကြပ်ခြင်း။

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်း ရှိ၊ မရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် မှတ်ပုံတင်ကြေး သုံးသောင်းကျပ်အား ခွင့်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပေးသွင်းစေပြီး မှတ်ပုံတင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့် မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြု အမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက လိုအပ်သလို စိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှုမရှိစေရေး စိစစ်ခြင်း၊

(၇) နိုင်ငံအတွင်း ဘေးအန္တရာယ်တစ်မျိုးမျိုး ကြုံတွေ့နေသည့်ဒေသသို့ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း၊

(၈) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ် တစ်ကြိမ် တင်ပြခြင်း ရှိ မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(၁၁) အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအား ကြီးကြပ်ခြင်း။

(ဂ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်း ရှိ၊ မရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့် မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြု အမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက လိုအပ်သလို စိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့် ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှုမရှိစေရေး စိစစ်ခြင်း၊

(၇) နိုင်ငံအတွင်း ဘေးအန္တရာယ်တစ်မျိုးမျိုး ကြုံတွေ့နေသည့်ဒေသသို့ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း၊

(၈) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် ယာယီမှတ်ပုံတင်

လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ် တစ်ကြိမ် တင်ပြခြင်း ရှိ မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(၁၁) အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအား ကြီးကြပ်ခြင်း။

(ဃ) **ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်း ရှိ၊ မရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့် မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြု အမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက လိုအပ်သလို စိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့် ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှုမရှိစေရေး စိစစ်ခြင်း၊

(၇) နိုင်ငံအတွင်း ဘေးအန္တရာယ်တစ်မျိုးမျိုး ကြုံတွေ့နေသည့်ဒေသသို့ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း၊

(၈) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ် တစ်ကြိမ် တင်ပြခြင်း ရှိ မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(၁၁) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့များအား ကြီးကြပ်ခြင်း။

(င) **မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်း ရှိ၊ မရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန် ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့် မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြု အမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက လိုအပ်သလို စိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့် ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှုမရှိစေရေး စိစစ်ခြင်း၊

(၇) နိုင်ငံအတွင်း ဘေးအန္တရာယ်တစ်မျိုးမျိုး ကြုံတွေ့နေသည့်ဒေသသို့ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း၊

(၈) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ် တစ်ကြိမ် တင်ပြခြင်း ရှိ မရှိအား စိစစ်မှတ်တမ်းတင်ခြင်း။

## အခန်း (၃)

## ပြည်တွင်းအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့်ခွင့်ပြုခြင်း

၄။ ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာသည့် အသင်းအဖွဲ့များသည် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည် -

(က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမည်၊

(ခ) နိုင်ငံတော်၏လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုရမည်၊

(ဂ) နိုင်ငံသားများအခွင့်အရေးကို လေးစားရမည်၊

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဘာသာ၊ သာသနာကိုးကွယ်ယုံကြည်မှုကို လေးစားရမည်၊

(င) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်သည့် ခိုင်မာအားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ရမည်၊

(စ) အသင်းအမည်ပေးရာတွင် မိမိလှုပ်ရှားဆောင်ရွက်မည့် နယ်မြေအဆင့်နှင့် လျော်ညီသောအမည် သတ်မှတ်လျှောက်ထားရမည်၊

(ဆ) အသင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် နှီးနွှယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများ ပူးတွဲတင်ပြရမည်။

၅။ ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာသည့် အသင်းအဖွဲ့များ၏ အမှုဆောင်များသည် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရမည် -

(က) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း၊

(ခ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

(င) စိတ်ပေါ့သွပ်သူမဟုတ်ခြင်း၊

(စ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင်၊ ယင်းအဖွဲ့အစည်းဝင်များကို အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ခြင်း။

၆။ နည်းဥပဒေ ၄ နှင့် ၅ ပါ အချက်များနှင့်ကိုက်ညီသည့် ပြည်တွင်းအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သတ်မှတ်ထားသော ပုံစံ ၁၊ ပုံစံ ၄ နှင့် ပုံစံ ၄-က၊ မိမိ အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် နှီးနွှယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများနှင့်အတူ လျှောက်ထားလိုသော မှတ်ပုံတင်ရေး အဖွဲ့ရုံးများသို့ လျှောက်ထားရမည်။ ယင်းလျှောက်လွှာလက်ခံရရှိကြောင်းကို မှတ်ပုံတင်ရေးအဖွဲ့ရုံးမှ ပုံစံ ၅ ကို လျှောက်ထားသူအား ထုတ်ပေးရမည်ဖြစ်ပြီး ယင်းပုံစံထုတ်ပေးသည့်နေ့ကို မှတ်ပုံတင်ခွင့် လျှောက်ထားသည့်နေ့ဟု မှတ်ယူရမည်။

၇။ နည်းဥပဒေ ၆ အရ လျှောက်ထားလာသော အသင်းအဖွဲ့များနှင့်စပ်လျဉ်းပြီး မှတ်ပုံတင်ရေး အဖွဲ့ရုံးသည် လိုအပ်ချက်များ ဆောင်ရွက်ပြီးနောက် ပြည့်စုံပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ အစည်း အဝေးသို့ တင်ပြရမည်။

၈။ မှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် နည်းဥပဒေ ၇ အရ တင်ပြ လာသည့် အသင်းအဖွဲ့များအား စိစစ်ပြီးနောက် ဥပဒေနှင့်ညီညွတ်ပါက သက်ဆိုင်ရာအသင်းအဖွဲ့များသို့ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းကြားရမည်။

## အခန်း (၄)

## အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း

၉။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာသည့် အသင်းအဖွဲ့များသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည် -

(က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမည်၊

(ခ) နိုင်ငံတော်၏လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုရမည်။

(ဂ) နိုင်ငံသားများအခွင့်အရေးကို လေးစားရမည်၊

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဘာသာ၊ သာသနာကိုးကွယ်ယုံကြည်မှုကို လေးစားရမည်၊

(င) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်သည့် ခိုင်မာအားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ရမည်၊

(စ) အသင်း၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် နီးနွယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများ ပူးတွဲတင်ပြရမည်။

၁၀။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားရာတွင် အသင်းအဖွဲ့၏ အမှုဆောင်များမှာ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရမည် -

(က) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူများ၊ ယင်းတို့နှင့် ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံသားများဖြစ်ခြင်း၊

(ခ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

(င) စိတ်ပေါ့သွပ်သူမဟုတ်ခြင်း၊

(စ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင်၊ ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်မဟုတ်ခြင်း။

၁၁။ နည်းဥပဒေ ၉ နှင့် ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏ တာဝန်ခံပုဂ္ဂိုလ်သည် ဤနည်းဥပဒေအရ သတ်မှတ်ထားသော ပုံစံ ၃၊ ပုံစံ ၄၊ ပုံစံ ၄-က၊ မိမိအသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် နီးနွယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ သဘောထား၊ လုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ ညှိနှိုင်းခွင့်ပြုချက်တို့နှင့်အတူ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ လျှောက်ထားရမည်။ ယင်းလျှောက်လွှာလက်ခံရရှိကြောင်းကို မှတ်ပုံတင်ရေးအဖွဲ့ရုံးမှ ပုံစံ ၅ ကို ထုတ်ပေးရမည်ဖြစ်ပြီး ယင်းပုံစံ ထုတ်ပေးသည့်နေ့ကို မှတ်ပုံတင်ခွင့်လျှောက်ထားသည့်နေ့ဟု မှတ်ယူရမည်။

၁၂။ နည်းဥပဒေ ၁၁ အရ လျှောက်ထားရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များ ပူးတွဲတင်ပြရမည်။

၁၃။ ယင်းသို့ လျှောက်ထားလာသော အသင်းအဖွဲ့များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ရုံးသည် လိုအပ်ချက်များ ဆောင်ရွက်ပြီးနောက် ပြည့်စုံပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် တင်ပြလာသည့် အသင်းအဖွဲ့များအား စိစစ်ပြီးနောက် ဥပဒေနှင့် ညီညွတ်ပါက သက်ဆိုင်ရာအသင်းအဖွဲ့များသို့ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းကြားရမည်။

## အခန်း (၅)

## ပြည်တွင်းအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏ မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်းနှင့် သက်တမ်းတိုးခြင်း

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့များသည် သတ်မှတ်ထားသောသက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ရပ်တည်လှုပ်ရှား ဆောင်ရွက်လိုပါက သက်တမ်းမကုန်မီ ရက်ပေါင်း ၃၀

အတွင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးရုံးသို့ ပုံစံ ၂၊ ပုံစံ ၄ နှင့် ပုံစံ ၄-က တို့ဖြင့် မှတ်ပုံတင်လက်မှတ် လဲလှယ်ရန် လျှောက်ထားရမည်။

၁၅။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များသည် သတ်မှတ်ထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ရပ်တည်လှုပ်ရှား ဆောင်ရွက်လိုပါက သက်တမ်းမကုန်မီ ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ပုံစံ ၃၊ ပုံစံ ၄ နှင့် ပုံစံ ၄-က တို့ဖြင့် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားရမည်။

၁၆။ မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်လျှောက်ထားလာသည့်အခါ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ရုံးသည် ယင်းလျှောက်လွှာ လက်ခံရရှိကြောင်းကို ပုံစံ ၅ ဖြင့် လျှောက်လွှာတင်သွင်းသူအား ထုတ်ပေးရမည်။

၁၇။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုး လဲလှယ်ခွင့်ပြုရာတွင် ပြည်တွင်းအသင်းအဖွဲ့များအား မှတ်ပုံတင်ကြေးပေးဆောင်ရန် မလိုကြောင်းနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များအား သတ်မှတ် မှတ်ပုံတင်ကြေးပေးသွင်းစေရန် အသိပေးရမည်။

၁၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ဥပဒေပုဒ်မ ၂၂ အရ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား တစ်ဆက်တည်း ၅ နှစ် တင်ပြရန် ပျက်ကွက်သည့် အသင်းအဖွဲ့များမှ မှတ်ပုံတင်လက်မှတ် လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်လျှောက်ထားလာသောအခါ မှတ်ပုံတင်အသစ် လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရန် ညွှန်ကြားရမည်။

၁၉။ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား တစ်ဆက်တည်း ၅ နှစ် ပျက်ကွက်ခြင်း မဟုတ်ဘဲ ကြားကာလနှစ်များ၌ တင်ပြရန် ပျက်ကွက်ခြင်းများဖြစ်ခဲ့လျှင် မှတ်ပုံတင်သက်တမ်းတိုးသည့် အခါတွင် ပျက်ကွက်ခဲ့သည့်နှစ်အတွက် ပျက်ကွက်ရသည့် အကြောင်းအရင်းကို ဖော်ပြလျှောက်ထားရမည်။

၂၀။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်ပြုရန် နည်းဥပဒေ ၁၄ နှင့် ၁၅ တို့အရ တင်ပြလာသည့် အသင်းအဖွဲ့များအား စိစစ်ပြီးနောက် ဥပဒေနှင့် ညီညွတ်ပါက သက်ဆိုင်ရာအသင်းအဖွဲ့များသို့ မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်ပြုကြောင်း အကြောင်းကြားရမည်။

## အခန်း (၆)
## အသင်းအဖွဲ့ပိုင်ငွေကြေး၊ ပစ္စည်းများ ထိန်းသိမ်းသုံးစွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား တင်ပြခြင်း

၂၁။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် အသင်းအဖွဲ့ပိုင်ပစ္စည်းများ ထိန်းသိမ်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စနစ်တကျ မှတ်တမ်းပြုစုထားရှိရမည် -

(က) အသင်းအဖွဲ့ပိုင်ရငွေ၊ သုံးငွေများကို ပြုစုထားသည့် ငွေစာရင်းစာအုပ်များ၊

(ခ) အသင်းအဖွဲ့ပိုင်ရန်ပုံငွေ၊ ကြွေးမြီ၊ ကတိခံဝန်ချုပ်လက်မှတ်၊ စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များ၊

(ဂ) အသင်းအဖွဲ့ပိုင်ငွေကြေးဖြင့် ဝယ်ယူထားသော သို့မဟုတ် အသင်းအဖွဲ့သို့ လှူဒါန်းထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ။

၂၂။ မှတ်ပုံတင်ထားသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ဖွဲ့သည် နိုင်ငံတော်အတွင်း လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် အသင်းအဖွဲ့ပိုင်ပစ္စည်းများ ထိန်းသိမ်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စနစ်တကျ မှတ်တမ်းပြုစုထားရှိရမည် -

(က) အသင်းအဖွဲ့ပိုင်ရငွေ၊ သုံးငွေများကို ပြုစုထားသည့် ငွေစာရင်းစာအုပ်များ၊

(ခ) အသင်းအဖွဲ့ပိုင်ရန်ပုံငွေ၊ ကြေးမြီ၊ ကတိခံဝန်ချုပ်လက်မှတ်၊ စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များ၊

(ဂ) အသင်းအဖွဲ့ပိုင်ငွေကြေးဖြင့် ရယူသုံးစွဲလျက်ရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ။

၂၃။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များသည် ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ နှစ်စဉ် ဒီဇင်ဘာလအတွင်း တင်ပြရမည်။

၂၄။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့၏ ကိုယ်ပိုင်တံဆိပ်၊ ကိုယ်ပိုင်အမှတ်အသား၊ ကိုယ်ပိုင်ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့အား နည်းလမ်းတစ်မျိုးမျိုးဖြင့် အသုံးပြုခြင်းများသည် တည်ဆဲဥပဒေများနှင့် ညီညွတ်စေရမည်။

## **အခန်း (၇)**

## **အထွေထွေ**

၂၅။ မှတ်ပုံတင်ရန် လျှောက်ထားလာသော အသင်းအဖွဲ့များသည် နိုင်ငံတော်အတွင်း လူမှုရေးကဏ္ဍ တစ်ရပ်ရပ်ကို ရွေးရှုဆောင်ရွက်ရန်ဖြစ်သည်။

၂၆။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်ထားသောအသင်းအဖွဲ့များတွင် မည်သည့်နိုင်ငံရေးပါတီဝင် သို့မဟုတ် နိုင်ငံ့ဝန်ထမ်းမဆို ယင်းတို့အသီးသီး လိုက်နာရမည့်ဥပဒေကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရပါက ယင်းပုဂ္ဂိုလ်နှင့်သက်ဆိုင်သော ဌာနအဖွဲ့အစည်းသို့ အသိပေးအကြောင်းကြားရမည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

**ပုံစံ (၁)**

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

၁။ အသင်းအဖွဲ့အမည် - ----------------------------------------

၂။ အသင်း၏တည်နေရာ - ----------------------------------------

၃။ အသင်းစတင်တည်ထောင်သည့်နေ့ - ----------------------------------------

၄။ အသင်း၏ရည်ရွယ်ချက် - ----------------------------------------

----------------------------------------

----------------------------------------

၅။ အသင်း၏လုပ်ငန်းစဉ် - ----------------------------------------

----------------------------------------

----------------------------------------

၆။ အသင်း၏အမှုဆောင်ဦးရေ - ----------------------------------------

[ပုံစံ (၄၊ ၄-က) ဖြင့် ဖော်ပြရန်] ----------------------------------------

၇။ အသင်းဝင်ဦးရေ - ----------------------------------------

၈။ အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း - ----------------------------------------

(ပူးတွဲဖြင့်ဖော်ပြရန်)

၉။ အသင်းအနေဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ - ----------------------------------------

၁၀။ အသင်း၏ဖွဲ့စည်းပုံ/စည်းမျဉ်း - ----------------------------------------

(ပူးတွဲဖြင့်ဖော်ပြရန်) ----------------------------------------

၁၁။ သီးခြားတင်ပြချက် - ----------------------------------------

----------------------------------------

၁၂။ လျှောက်ထားသည့်ရက်စွဲ - ----------------------------------------

လျှောက်ထားသူ

လက်မှတ် - ------------------------------------

အမည် - ------------------------------------

အသင်း၏တာဝန် - ------------------------------------

နိုင်ငံသားစိစစ်ရေး - ------------------------------------

ကတ်ပြားအမှတ်

နေရပ်လိပ်စာ - ------------------------------------

**ပုံစံ (၂)**

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်လက်မှတ်လဲလှယ်/သက်တမ်းတိုးခွင့်လျှောက်ထားခြင်း

၁။ အသင်းအဖွဲ့အမည် - ---------------------------------------

၂။ အသင်း၏တည်နေရာ - ---------------------------------------

၃။ အသင်းစတင်တည်ထောင်သည့်နေ့ - ---------------------------------------

၄။ အသင်း၏ရည်ရွယ်ချက် - ---------------------------------------
---------------------------------------
---------------------------------------

၅။ အသင်း၏လုပ်ငန်းစဉ် - ---------------------------------------
---------------------------------------
---------------------------------------

၆။ အသင်း၏အမှုဆောင်ဦးရေ - ---------------------------------------
[ပုံစံ (၄၊ ၄-က) ဖြင့် ဖော်ပြရန်] ---------------------------------------

၇။ အသင်းဝင်ဦးရေ - ---------------------------------------

၈။ အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း - ---------------------------------------
(ပူးတွဲဖြင့်ဖော်ပြရန်)

၉။ အသင်းအနေဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ - ---------------------------------------

၁၀။ အသင်း၏ဖွဲ့စည်းပုံ/စည်းမျဉ်း - ---------------------------------------
(ပူးတွဲဖြင့်ဖော်ပြရန်) ---------------------------------------

၁၁။ သက်တမ်းတိုးအကြိမ်အရေအတွက် - ---------------------------------------

၁၂။ သက်တမ်းကုန်ဆုံးရက် - ---------------------------------------
(ယခင်လက်မှတ်မိတ္တူပူးတွဲတင်ပြရန်) ---------------------------------------

၁၃။ သီးခြားတင်ပြချက် - ---------------------------------------
---------------------------------------

၁၄။ လျှောက်ထားသည့်ရက်စွဲ - ---------------------------------------

လျှောက်ထားသူ

လက်မှတ် - ------------------------------------

အမည် - ------------------------------------

အသင်း၏တာဝန် - ------------------------------------

နိုင်ငံသားစိစစ်ရေး - ------------------------------------
ကတ်ပြားအမှတ်

**ပုံစံ-(၃)**

**အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

**အကြီးအကဲ ဓာတ်ပုံ**

၁။ INGO အမည် ------------------------
၂။ INGO အကြီးအကဲအမည် ------------------------
၃။ INGO တာဝန်ခံအမည် ------------------------
၄။ INGO တည်နေရာလိပ်စာ ------------------------
၅။ INGO ဆက်သွယ်ရမည့် ဖုန်း/ဖက်စ်နံပါတ် ------------------------
၆။ အသင်းအခြေစိုက်နိုင်ငံ ------------------------
၇။ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့်လုပ်ငန်း ------------------------
အမျိုးအစား ------------------------
------------------------
၈။ ဆက်သွယ်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများ ------------------------
------------------------
------------------------
၉။ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် ------------------------
(ပူးတွဲဖြင့်ဖော်ပြရန်) ------------------------
၁၀။ INGO တွင် ပါဝင်သည့် အမှုဆောင် ------------------------
အဖွဲ့ဝင်ဦးရေ [ပုံစံ (၄၊ ၄-က) ဖြင့် ဖော်ပြရန်] ------------------------
၁၁။ ရုံးခွဲရှိပါက ရုံးခွဲ၏တည်နေရာ ------------------------
၁၂။ ရုံးခွဲရှိ တာဝန်ခံအမည် ------------------------
၁၃။ ရုံးခွဲ၏ ဖုန်းနံပါတ်/ဖက်စ်နံပါတ် ------------------------
၁၄။ မှတ်ပုံတင်လက်မှတ် လျှောက်ထားသည့်နေ့ ------------------------

လျှောက်ထားသူ

လက်မှတ် - ------------------------------------
အမည် - ------------------------------------
အသင်း၏တာဝန် - ------------------------------------
စိစစ်ရေးကတ်ပြားအမှတ် - ------------------------------------
နေရပ်လိပ်စာ - ------------------------------------
------------------------------------

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက် )

အမှတ် ၄၀၈ ။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၂၇ ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ သတင်းအချက်အလက်နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ သတင်းအချက်အလက်နည်းပညာဌာနခွဲတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် လွှဲပြောင်းနေရာချထားခြင်းခံရသူ ဦးကိုကိုလွင် (တ/၃၂၅၂) သည် သတင်းအချက်အလက်နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ သတင်းအချက်အလက်နည်းပညာဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများကို ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့နံနက်ပိုင်း၌ စတင်ထမ်းဆောင်သည်။

ညွှန်ကြားရေးမှူးချုပ်၊<br>
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး။

## ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါအရာထမ်း (၅) ဦးတို့အား ယှဉ်တွဲဖော်ပြပါတစ်ဆင့်မြင့်ရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်ရက်မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်မြင့်မြင့်ကြည် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၂။ | ဒေါ်တင်မာမာကြိုင် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၃။ | ဒေါ်အေးမြသူ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၄။ | ဒေါက်တာတင်နွယ်အေး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၅။ | ဒေါ်နွဲ့နွဲ့ဝင်း | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |

(ပုံ) တင်ဝင်းအောင်၊<br>
ခေတ္တညွှန်ကြားရေးမှူးချုပ်၊<br>
ပြည်သူ့လွှတ်တော်ရုံး။

[ ယခင်အပတ်မှအဆက် ]

# စစ်ရာထူးခန့်ချုပ်ရုံး
# (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် )

အမှတ် ၄၈/၂၀၁၅။ ။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၈) တွင် တက်ရောက်သင်ကြားအောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၅၁) | စိုးညိမ်းဇင် | ကြည်း | ၆၈၉၅၃ |
| (၅၂) | ဖော်ဝင်းမောင် | ကြည်း | ၆၈၉၅၄ |
| (၅၃) | ဖော်ဝင်းမြင့် | ကြည်း | ၆၈၉၅၅ |
| (၅၄) | ဖော်နိုင်လင်း | ကြည်း | ၆၈၉၅၆ |
| (၅၅) | ဖွဲ့မာန်ဝင်း | ကြည်း | ၆၈၉၅၇ |
| (၅၆) | ရဲမင်းသူ | ကြည်း | ၆၈၉၅၈ |
| (၅၇) | သောင်းဖြိုးအောင် | ကြည်း | ၆၈၉၅၉ |
| (၅၈) | သိန်းဌေးအောင် | ကြည်း | ၆၈၉၆၀ |
| (၅၉) | အောင်မြင့်လင်း | ကြည်း | ၆၈၉၆၁ |
| (၆၀) | ဆလိုင်းဖြိုးဝင်းပိုင် | ကြည်း | ၆၈၉၆၂ |
| (၆၁) | ဇာနည်ထွန်း | ကြည်း | ၆၈၉၆၃ |
| (၆၂) | ငြိမ်းချမ်းအောင် | ကြည်း | ၆၈၉၆၄ |
| (၆၃) | လှိုင်မင်းထွန်း | ကြည်း | ၆၈၉၆၅ |
| (၆၄) | ဇင်လင်းဦး | ကြည်း | ၆၈၉၆၆ |
| (၆၅) | အောင်ကျော်မိုး | ကြည်း | ၆၈၉၆၇ |
| (၆၆) | ဇာနည်လင်းထက် | ကြည်း | ၆၈၉၆၈ |
| (၆၇) | မျိုးမင်းသိုက် | ကြည်း | ၆၈၉၆၉ |
| (၆၈) | မိုးဟိန်းထက် | ကြည်း | ၆၈၉၇၀ |
| (၆၉) | အောင်စိုးဦး | ကြည်း | ၆၈၉၇၁ |
| (၇၀) | ကိုကိုနောင် | ကြည်း | ၆၈၉၇၂ |
| (၇၁) | ရဲရင့်ဘို | ကြည်း | ၆၈၉၇၃ |
| (၇၂) | ဖွဲ့မာန်ဦး | ကြည်း | ၆၈၉၇၄ |
| (၇၃) | ရန်ငြိမ်းအောင် | ကြည်း | ၆၈၉၇၅ |
| (၇၄) | ဉာဏ်ဟိန်းအောင် | ကြည်း | ၆၈၉၇၆ |
| (၇၅) | ရဲကျော်မင်း | ကြည်း | ၆၈၉၇၇ |
| (၇၆) | အေးမင်းစိုး | ကြည်း | ၆၈၉၇၈ |
| (၇၇) | ဖော်မျိုးအောင် | ကြည်း | ၆၈၉၇၉ |
| (၇၈) | သိန်းသန်းထွေး | ကြည်း | ၆၈၉၈၀ |
| (၇၉) | ဟန်မင်းထွေး | ကြည်း | ၆၈၉၈၁ |
| (၈၀) | စောသီဟ | ကြည်း | ၆၈၉၈၂ |
| (၈၁) | အောင်မျိုးထွေး | ကြည်း | ၆၈၉၈၃ |
| (၈၂) | နေအောင်လင်း | ကြည်း | ၆၈၉၈၄ |
| (၈၃) | သိန်းဖော် | ကြည်း | ၆၈၉၈၅ |
| (၈၄) | မိုးမင်းစံ | ကြည်း | ၆၈၉၈၆ |
| (၈၅) | သတိုးနောင် | ကြည်း | ၆၈၉၈၇ |
| (၈၆) | တင်မောင်မြင့်ထွေး | ကြည်း | ၆၈၉၈၈ |
| (၈၇) | ဖော်ရဲသူ | ကြည်း | ၆၈၉၈၉ |
| (၈၈) | ဆန်းလင်းအောင် | ကြည်း | ၆၈၉၉၀ |
| (၈၉) | သောင်းထိုက် | ကြည်း | ၆၈၉၉၁ |
| (၉၀) | ကျော်စွာဖြိုး | ကြည်း | ၆၈၉၉၂ |
| (၉၁) | ရဲကျော်သူ | ကြည်း | ၆၈၉၉၃ |
| (၉၂) | သိန်းဖော်ဦး | ကြည်း | ၆၈၉၉၄ |
| (၉၃) | ကျော်စိုး | ကြည်း | ၆၈၉၉၅ |
| (၉၄) | ရဲအောင်ဖြိုး | ကြည်း | ၆၈၉၉၆ |
| (၉၅) | မင်းအောင် | ကြည်း | ၆၈၉၉၇ |
| (၉၆) | စိုးရွှေ | ကြည်း | ၆၈၉၉၈ |
| (၉၇) | ထွန်းနိုင်လင်း | ကြည်း | ၆၈၉၉၉ |
| (၉၈) | အောင်ကိုမင်း | ကြည်း | ၆၉၀၀၀ |
| (၉၉) | နန်းဦး | ကြည်း | ၆၉၀၀၁ |
| (၁၀၀) | အောင်စိုးဝင်း | ကြည်း | ၆၉၀၀၂ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

[ ဆက်လက်ဖော်ပြပါမည်]

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၃၀/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက် )

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်- OSS/ မော်ဂလုံကွင်း၊ ဦးပိုင်အမှတ် (၁) မှ **မြေဧရိယာ (၃၄. ၆၂) ဧက**အား **"သာသနာ့ပါလဘုန်းတော်ကြီး ကျောင်းတိုက်"** သာသနာ့မြေအဖြစ်အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၃/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက် )

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့၊ နောင်ခိုရပ်ကွက်၊ အကွက်အမှတ် (၁၆၇)၊ ဦးပိုင်အမှတ် (၂၁၉) မှ **မြေဧရိယာ (၁. ၉၃) ဧက**အား **"စစ်ကဲကုန်းဘုန်းတော်ကြီးကျောင်း"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ် သာသနာ့ မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၄/၂၀၁၅)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်- (OSS/ဟောင်ပါး)၊ ဦးပိုင်အမှတ် - (N၂) မှ **မြေဧရိယာ (၂. ၆၁) ဧက**အား **"သီရိရတနာကျောင်းတိုက်"** သာသနာမြေအဖြစ်အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန် လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၅/၂၀၁၅)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်- ၈၄၈ခ/၁၂၂၂ ညောင်ကုန်း အရှေ့ကွင်း၊ ဦးပိုင်အမှတ် -၁၆ခ မှ မြေဧရိယာ (၀. ၆၃) ဧက၊ ဦးပိုင်အမှတ် - ၁၈ခ မှ မြေဧရိယာ (၀. ၃၇) ဧက၊ **စုစုပေါင်းမြေဧရိယာ (၁. ၀၀) ဧက**အား **"မင်္ဂလာသုခဘုန်းတော်ကြီး ကျောင်း"** မြေအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၆ /၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက် )

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ သောတာပန်ကျေးရွာအုပ်စု ကွင်းအမှတ်/ အမည် - ၇၇၈/သောတာပန်၊ ဦးပိုင်အမှတ် (၁၈)၊ မြေဧရိယာ (၀. ၁၈၃) ဧကအား **"ပဋ္ဌာန်းသိပ္ပံ ကျောင်းတိုက်"** သာသနာ့မြေအဖြစ်အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်<br>( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**သန့်မြန်မာ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

**THANT MYANMAR CONSTRUCTION CO.,LTD.**

**(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

**THANT MYANMAR CONSTRUCTION CO.,LTD.** ကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈(င) နှင့်အညီ အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို ကျင်းပမည် ဖြစ်ပါ၍ (၃၀. ၆. ၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် အမှတ်-(၉၉)၊ C1-B၊ ဦးအောင်ကိန်းလမ်းသွယ်၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဝင်ဒါမီယာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီ ရုံးခန်းသို့ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

Thant Sin Soe
Managing Director
Thant Myanmar Consutruction Co., Ltd.

ဦးစိုးမြင့်
(B A, R A, C P A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက်-(၁၁၃)၊ (၄၉)လမ်း၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

## AUNG CHAN CHAN TRADING COMPANY LIMITED.

ဖျက်သိမ်းရန် ကြေညာချက်

၁။ AUNG CHAN CHAN TRADING CO., LTD. ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသောသာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်းနှင့် (၅) လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ခင်နီနီ | ဦးဇင်ဝေ (၂၁၀) |
| မန်နေးဂျင်းဒါရိုက်တာ | **B.COM, C. P. A** |
| **AUNG CHAN CHAN TRADING CO., LTD.** | **ZIN & FRIENDS AUDIT FIRM** |
| | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## Golden Kyauktan Bean and Pulses Trading Co., Ltd.

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈(င)အရ**
**ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း**
**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့်နောက်ဆုံးအစည်းအဝေးအား ၁၇-၈-၂၀၁၅ ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် (၃၉) နှင့် (၄၀) လမ်းအကြား၊ အမှတ် ၇၉/၈၁၊ ပထမထပ်၊ အခန်းအမှတ် (၁၀၂) တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
**B.A, H.G.P., R. L, D.B.L,D.I.L, D.M.L,**
**P.G.D.I.T (New Delhi) D.Jap;M.P.A, M.A (B.L)**
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ရုံး) အမှတ်၂၂၄ (ပထမထပ်) ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၁-၃၇၄၄၁၉၊
(အိမ်) ၄၊ ပိတောက်လမ်း (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ဖုန်း-၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

**Notice Under Section 208 (E) of Myanmar Companies Act**

**မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၀၈(င) အရ**

**ကဘော်ညီအစ်ကိုများ ရောင်းဝယ်ရေး ကုမ္ပဏီ လီမိတက်ကို**

**အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးအစည်းအဝေး**

(Final Meeting For Dissolution) တက်ရောက်ရန် ဖိတ်ကြားခြင်း

**ကဘော်ညီအစ်ကိုများရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (KABAW BROTHERS TRADING Co., Ltd)** ကုမ္ပဏီ မှတ်ပုံတင်အမှတ်-(၄၀၁/၂၀၀၅-၂၀၀၆) ၏ အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက် ၁၄း၀၀ နာရီအချိန်တွင် အမှတ်-၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ အစုရှယ်ယာဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပြီး ကုမ္ပဏီကို အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးခင်ဝင်း
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**B.A, H.G.P., R. L, D.B.L,D.I.L. D.M.L,**
**P.G.D.I.T (New Delhi) D.Jap;M.P.A, M.A (B.L)**
**ကဘော်ညီအစ်ကိုများ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (ဖျက်သိမ်းဆဲ)**

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၀၀/၁၇-၇-၂၀၁၅။

## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

အမှတ် ၁။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ခွင့်ပြုချက်အရ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး လစာနှုန်း( ၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးထွန်းသန်းအား ဗဟိုလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးသို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက် )

အမှတ် ၂။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိလမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို အသစ်ဖြည့်စွက် ကြေညာလိုက်သည်။

**<u>ဇယား "က" လမ်းမကြီးများ</u>**
**<u>ဧရာဝတီတိုင်းဒေသကြီး</u>**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင် သာယာရေး အဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | | (၃) | | (၄) | | | (၅) | | (၆) |
| ၆၃။ | ပုသိမ်မြို့ရှောင်လမ်း | | | ၄ | ၇ | | | | | |
| ၆၄။ | ဟင်္သာတ မြို့ပတ်လမ်း | | | ၂ | ၁ | ၄၀၈ | | | | |

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင်အရှည်ကို (၁၁၅၅ မိုင် ၄ ဖာလုံ ၃၈၅ ပေ) အစား (၁၁၆၂ မိုင် ၅ ဖာလုံ ၁၃၃ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ခန့်ဇော်၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။